# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၂)၊ အမှတ်(၆၉)



**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး




**ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်အား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ **(သတင်းစဉ်)**

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၇

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်နှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးဦးတင်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့တက်ရောက်ကြပြီး *စာမျက်နှာ ၃ ကော်လံ ၁* ■

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်နှင့်အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ **(သတင်းစဉ်)**




**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်)

# ဗုဒ္ဓသာသနာတော်မြန်မာနိုင်ငံတွင် အရှည်တည်တံ့ခိုင်မြဲ ကမ္ဘာသို့တိုင်ပြန့်ပွားထွန်းကားအောင်ကြိုးပမ်း

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို ဒီဇင်ဘာလ ၉ ရက်မှ ၁၁ရက်အထိ ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင်တော်မူခဲ့ရာ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ကျင်းပတော့မည်ဖြစ်သည်။

ဆဋ္ဌသံဂါယနာတင်ရာ လိုဏ်ဂူတော်ကြီးသည် သာသနာ့သမိုင်းဝင်ထူးမြတ်သည့်နေရာကြီး ဖြစ်သည်။ ဤထူးမြတ်သည့် ဆဋ္ဌသင်္ဂါယနာတင်ခဲ့ရာ သမိုင်းဝင်လိုဏ်ဂူတော်ကြီး၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရက သာသနာသမိုင်းဝင်၊ သမိုင်းတင်မည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ခမ်းနားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်သည်။

အဆိုပါ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့ ကမ္ဘာ့နိုင်ငံများမှ ဗုဒ္ဓဘာသာထိပ်တန်းခေါင်းဆောင်များ တက်ရောက်ကြမည်ဖြစ်သည်။ ထူးမြတ်သည့် မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် လွန်ခဲ့သည့် ၄၈ နှစ် ၁၉၅၆ ခုနှစ်က ထေရဝါဒဗုဒ္ဓဘာသာဝင်ငါးနိုင်ငံမှ သံဃာရာဇာများပေါင်းစုံ စုစည်း၍ သင်္ဂါယနာပွဲကြီးကို ကျင်းပခဲ့သည်။

ထိုစဉ်က မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ လာအိုနှင့် ကမ္ဘောဒီးယား ငါးနိုင်ငံဝန်ကြီးချုပ်တို့ ဆုံစည်းခဲ့ကြသည့်အပြင် ထေရဝါဒ၊ မဟာယာနနိုင်ငံများမှ ဗုဒ္ဓဘာသာခေါင်းဆောင်များ၊ နိုင်ငံခေါင်းဆောင်များလည်း စည်ကားစွာတက်ရောက်ခဲ့ကြသည်။

ယခုကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးတွင်လည်း နိုင်ငံခေါင်းဆောင်များ၊ ပြည်တွင်းမှ သံဃာတော်များ၊ ပြည်ပမှထေရဝါဒနှင့်မဟာယာနဗုဒ္ဓဘာသာ ခေါင်းဆောင်များ စုံစုံညီညီတက်ရောက် ကြမည်ဖြစ်သည်။ ထိုသို့တက်ရောက်နိုင်ရန်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြိုတင်ပြင်ဆင် ခင်းကျင်းဆောင်ရွက်ထားပြီးဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် သာသနာနှစ် ၂၅၀၀ အတွင်း ဗုဒ္ဓသာသနာတော်သန့်ရှင်း၍ အရှည်တည်တံ့အောင် ကြိုးပမ်းအားထုတ်နိုင်ခဲ့သည်။ တင်တော်မူပြီးခဲ့သော သင်္ဂါယနာခြောက်ကြိမ်တွင် မြန်မာနိုင်ငံ၌ နှစ်ကြိမ် သင်္ဂါယနာတင်နိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင် ရဟန်း သံဃာတော် လေးသိန်းခန့်ရှိပြီး ပြည်သူပြည်သား ဗုဒ္ဓဘာသာဝင်များသည် ဘာသာတရား ကြည်ညိုကိုင်းရှိုင်းကြသူများဖြစ်သည်။ စေတီဘုရား၊ ကျောင်း၊ ကန်ဇရပ်များ အလွန်ပေါများပြီး ပိဋကတ်သုံးပုံဆောင် ပုဂ္ဂိုလ်ကျော်များလည်း ပေါ်ထွန်းလျက်ရှိသည်။ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ပိဋကတ်တော် ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်တို့ကို မချွတ်မယွင်းမတိမ်းမမှား မပျောက်မပျက် တိကျမှန်ကန်စွာ တည်ရှိစေရန် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။

ထို့ကြောင့် ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ကျင်းပခြင်းသည် အလွန်လျော်ကန် သင့်မြတ်လှသည့်အပြင် မျက်မှောက်ခေတ် မြန်မာသာသနာသမိုင်း၏ မှတ်တိုင်သစ်တစ်ခု အခိုင်အခံ့ ထပ်မံစိုက်ထူနိုင်ခြင်းလည်း ဖြစ်ပေသည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ဆင်ယင် ကျင်းပ နိုင်ခြင်းဖြင့် မြန်မာနိုင်ငံတွင် အရှည်တည်တံ့ခိုင်မြဲနေသော ဗုဒ္ဓသာသနာတော်ကို ကမ္ဘာ သို့တိုင် လွှမ်းခြုံပြန့်ပွား ထွန်းကားစေမည်ဟု ရှုမြင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။





# တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း သိမ်ကျောင်းတော်ကြီးဖွင့်ပွဲနှင့် ရေစက်ချပွဲ တက်ရောက်ကြည်ညို

ရန်ကုန် ဒီဇင်ဘာ ၇

**ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နယ်စပ်သာသနာပြု သဒ္ဓမ္မဇောတိကာရုံ စာသင်တိုက် သဒ္ဓမ္မဝံသသောတုဇနနှစ်ထပ်ကျောင်းဆောင် ရတနာအုတ်မြစ်တော်စီ မင်္ဂလာ၊ သဒ္ဓမ္မဝေပုလ္လသိမ်ကျောင်းတော်ကြီးဖွင့်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို ယမန်နေ့နံနက်၉နာရီက အဆိုပါ စာသင်တိုက်၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ တက်ရောက်ကြည်ညိုပူဇော်ကြသည်။**

### ဖွင့်လှစ်ပေး

ရှေးဦးစွာ အခမ်းအနားပထမပိုင်းအစီအစဉ်အရ သဒ္ဓမ္မဝံသသောတုဇန နှစ်ထပ်ကျောင်းဆောင် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို စတင်ကျင်းပရာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့အမှူးပြုသော ဧည့်ပရိသတ်များက ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အုတ်မြစ်တော်၏အလယ်ဗဟိုနေရာတွင် ရတနာနဝရတ်ကြုတ်ကို ထည့်သွင်းပေးသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း နှင့်တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီး၌ ရတနာအုတ်များကိုတစ်ပြိုင်တည်းစီပေးကြပြီး တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အုတ်မြစ်တော်၏အလယ်ဗဟိုနေရာတွင် မင်္ဂလာမော်ကွန်းကမ္ပည်းကျောက်စာဖြင့် ဖုံးအုပ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

### ဆက်လက်ကျင်းပ

ထို့နောက် ဒုတိယပိုင်းအစီအစဉ်အရ သဒ္ဓမ္မဝေပုလ္လသိမ်တော်ကြီး ဖွင့်ပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို သိမ်တော်ကြီးရှေ့၌ ဆက်လက်ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် သိမ်အလှူရှင် ဒေါက်တာခင်ခင်ရီတို့က သိမ်တော်ကြီးအား ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက သိမ်ကျောင်းတော်ကြီး၏ မင်္ဂလာမော်ကွန်းကမ္ပည်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

### သိမ်တော်ကြီးရေစက်ချ

ယင်းနောက်သိမ်တော်ကြီးရေစက်ချ မင်္ဂလာအခမ်းအနားကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဧည့်ပရိသတ်များသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပြည်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိ မဟာထေရ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွား ချီးမြှင့်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကိုနာယူကြသည်။

### ဆက်ကပ်လှူဒါန်း

ယင်းနောက် ဆရာတော်၊ သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် တာဝန်ရှိသူများက ဆရာတော် အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

၈-၁၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
Subsidary of Induction
(ဒဿနိက၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်း)
(ပထမနှစ်)
၅:၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပင်လယ်ကြီးလောက် ချစ်တယ်"**(အပိုင်း-၂၂)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြန်မာ့ရှုခင်း
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာသိုက်နှင့် ရန်နိုင်ဓား"** (အပိုင်း-၂၈)



■ **ရှေ့ဖုံးမှ**

ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ်နှင့်အတူ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆွန်ဆာဗက်လင်ဆာဗတ်နှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်သာဗီဘိုဒီဆိန်းတို့လည်း တက်ရောက်ကြသည်။**(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အခမ်းအနား ဝန်ကြီးဗိုလ်ချုပ်စိန်ထွား တက်ရောက်အမှာစကားပြောကြား၊ ဆုများချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၇

**အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အခမ်းအနားကို ဒီဇင်ဘာ ၃ ရက်က ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ (IBC) ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားတက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။**

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက အဖွင့်အမှာစကား ပြောကြားသည်။

**ဖတ်ကြား**

ဆက်လက်၍ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ညှိနှိုင်းရေးမှူး Mr.Charles Patrieက ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအာနန်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့တွင် ဌာနဆိုင်ရာများမှ ထူးချွန်ဆုရရှိကြသူများ ဖြစ်ကြသည့် မိတ္ထီလာမျက်မမြင်ကျောင်းမှ ဦးကြည်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးနိုင်စစ်အောင်၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးမြခိုင်၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ ဦးဇော်ထွေးဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**ဆုပေးအပ်**

ဆက်လက်၍ အားကစားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က ဘက်စုံ ထူးချွန်ဆုရ မသန်စွမ်းကျောင်းသား ကျောင်းသူလေးများအား ဆုများ ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**



## မြန်မာ့ရုပ်မြင်သံကြား

**၈-၁၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၅ | ၅။ | မြူးမြူးကြွကြွ ယဉ်ကျေးမှုအက |
| ၈:၁၀ | ၆။ | အရေးပြိုင်ပွဲ |
| ၈:၂၀ | ၇။ | ဂမုန်းရေလှောင်တမံ |
| ၈:၃၀ | ၈။ | International News |
| ၈:၄၅ | ၉။ | Let's Go |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၀၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၂၀ | ၃။ | **Tiger Cup ဘောလုံးပြိုင်ပွဲ တိုက်ရိုက် ထုတ်လွှင့်မှု အစီအစဉ် (မြန်မာနှင့် ဖိလစ်ပိုင်)** |
| ၁၈:၁၅ | ၄။ | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၁၈:၃၀ | ၅။ | ညနေခင်းသတင်း |
| ၁၉:၀၀ | ၆။ | မိုးလေဝသအခြေအနေ |
| ၁၉:၀၅ | ၇။ | ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ |
| ၁၉:၁၅ | ၈။ | တောင်းဆုပြည့်စုံ မြတ်ဘုရားရွှေတိဂုံ (အပိုင်း-၁) |
| ၁၉:၃၀ | ၉။ | Union of Myanmar (Part-1) |
| | ၁၀။ | Islands of Dhamma |
| ၂၀:၀၀ | ၁၁။ | ပြည်တွင်းသတင်း |
| | ၁၂။ | နိုင်ငံတကာသတင်းများ |
| | ၁၃။ | မိုးလေဝသအခြေအနေ |
| | ၁၄။ | ခေတ်ပေါ် ဂန္ထဝင်တေးဂီတအစီအစဉ် |
| | ၁၅။ | မမှောင်သောအလင်း(အပိုင်း-၁) **“မည်သူ့တွင်မဆို” ဖိုးသောကြာ၊ ဇျိုက်၊ ဇော်ဦး၊ ရတနာခင်၊ စမ်းစမ်းအေး၊ ခင်မို့မို့အေး (ဒါရိုက်တာ -သက်တင်)** |

## လက်ခံတွေ့ဆုံ

**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်နှင့်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

# အသံမစဲအဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၇**

ဗုဒ္ဓသာသနာတော်ကြီး တည်တံ့ပြန့်ပွားစေရန်နှင့် မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများမှ အစထား၍ ကမ္ဘာသူကမ္ဘာသားအားလုံး ဘေးရန်ခပ်သိမ်းကင်းငြိမ်းကြ၍ နှလုံးစိတ်ဝမ်းအေးချမ်းကြစေရန် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူလျက် နာယကဆရာတော်ကြီးများနှင့် ဂေါပကလူကြီးများ၊ စေတနာရှင်များပူးပေါင်း၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၆)ကြိမ်မြောက် အသံမစဲအဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲကို ၁၃၆၆ခုနှစ် နတ်တော်လပြည့်ကျော် ၁ ရက်(တနင်္လာနေ့)မှ နတ်တော်လပြည့်ကျော် ၁၀ ရက်(ဗုဒ္ဓဟူးနေ့) ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၅ရက်အထိ ၁၀ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ကြမည် ဖြစ်သည်။

လှူဒါန်းလိုသူများသည် ဂေါပကအဖွဲ့ရုံး ဖုန်း-၂၉၀၄၂၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

# နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲ စည်းကမ်းချက်များထုတ်ပြန်

**ရန်ကုန် ဒီဇင်ဘာ ၇**

၂၀၀၅ခုနှစ် မတ်လ၂၇ရက်တွင် ကျရောက်မည့်နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ကဗျာနှင့် အနုပညာပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏ ကဗျာပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီက တပ်မတော်နေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ဦးတည်ချက်များ၊ တပ်မတော်၏ အစဉ်အလာကောင်းများကိုဖော်ကျူးသော အကြောင်းအရာများ၊ကုန်းဘောင်ခေတ်(အေဒီ-၁၈၂၄ခုနှစ်)၊ လွတ်လပ်ရေးခေတ်(၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ) နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီခေတ်များမှ ခေတ်တစ်ခေတ်၏ ဇာတိဂုဏ်၊ အမျိုးဂုဏ်စသော သမိုင်းဝင်ဖြစ်ရပ်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဘာသာ၊ သာသနာဆောင်ရွက်မှုများ၊ တည်ဆောက်ပြုပြင်ရေးဆောင်ရွက်မှုများ၊ ငြိမ်းချမ်းရေးဆောင်ရွက်မှုများ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်မှုများစသည့် အကြောင်းအရာများကို ရေးဖွဲ့နိုင်သည်။

ကဗျာများကို အကဲဖြတ်ရာတွင် အကြောင်းအရာပိုင်း၊ တင်ပြပုံအပိုင်း၊ ရေးဖွဲ့ပုံအပိုင်းဟူသော အပိုင်းသုံးပိုင်းကို အခြေခံ၍ အမှတ်ပေးစနစ်ဖြင့် အကဲဖြတ်သွားမည်။

**ကဗျာပြိုင်ပွဲ**

ကဗျာပြိုင်ပွဲကို အဆင့်(၁)နှင့်အဆင့်(၂)ဟူ၍ ခွဲခြားကျင်းပသွားမည်။ တပ်မတော်နေ့ကဗျာပြိုင်ပွဲ၊ အမျိုးသားဆောင်ပုဒ်များ ကဗျာပြိုင်ပွဲ၊ စာပေဗိမာန် စာမူဆုပြိုင်ပွဲနှင့် ပခုက္ကူဦးအုံးဖေ စာပေဆုကဗျာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိခဲ့သူများနှင့် အမျိုးသားစာပေဆု ရရှိသူများသည် အဆင့်(၁)တွင်လည်းကောင်း၊ အထက်ပါဆုများမရရှိသေးသူများသည် အဆင့်(၂)တွင်လည်းကောင်း ယှဉ်ပြိုင်ရမည်။ ခြွင်းချက်အနေဖြင့် အထက်ပါဆုများ မရရှိခဲ့သော်လည်း မိမိဆန္ဒအလျောက် အဆင့်(၁)တွင် ယှဉ်ပြိုင်လိုပါက ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်တစ်ဦးသည် အဆင့်တစ်ဆင့်တွင်သာ ယှဉ်ပြိုင်ခွင့်ရှိပြီး မိမိယှဉ်ပြိုင်သည့် အဆင့်နံပါတ်ကို ကဗျာစာမူတွင် ထင်ရှားပီသစွာ ရေးသားဖော်ပြရမည်။

**ယှဉ်ပြိုင်ရမည်**

အဆင့်(၁)တွင် ကဗျာရှည်ပြိုင်ပွဲနှင့် ကဗျာတိုပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား သတ်မှတ်ပေးထားရာ မည်သည့်အဆင့်တွင်မဆို ပြိုင်ပွဲဝင်တစ်ဦးသည် အမျိုးအစား နှစ်မျိုးစလုံးတွင်ဖြစ်စေ၊ ကြိုက်နှစ်သက်ရာ တစ်မျိုးတွင်ဖြစ်စေ ပါဝင်ယှဉ်ပြိုင်နိုင်ခွင့်ရှိသည်။ သို့ရာတွင် အမျိုးအစားတစ်မျိုးတွင် ကဗျာတစ်ပုဒ်သာ ယှဉ်ပြိုင်ရမည်။

ကဗျာတိုတွင် ပါဒ ၁၀၀ မှ ၃၀၀ ထိ၊ ကဗျာရှည်တွင် ပါဒ ၁၀၀၀မှ ၂၀၀၀ထိ ရေးစပ်နိုင်သည်။ကဗျာတိုတွင် ပါဒအပိုအလို ၃၀၊ ကဗျာရှည်တွင် ပါဒ ၅၀ သာခွင့်ပြု၍ ယင်းအချက်နှင့် မကိုက်ညီသောကဗျာများကို မစဉ်းစားပါ။

ကဗျာစပ်ထုံး၊ ကဗျာစပ်နည်း မှန်ကန်ရမည့်အပြင် ကာရန်မဲ့ကဗျာနှင့် မော်ဒန်ကဗျာများကို လုံးဝလက်မခံပါ။

**ပေးပို့ရန်**

ကဗျာစာမူကို စာမျက်နှာတစ်ဖက်တည်းတွင် သန့်ရှင်းသေသပ်စွာ ရေးသားပြီး မိတ္တူနှစ်စောင်ပေးပို့ရန်ဖြစ်သည်။

ပြိုင်ပွဲဝင်သူ၏ အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်နှင့် နေရာလိပ်စာဟူသော အချက်ခြောက်ချက်နှင့်တကွ နှစ်လက်မXနှစ်လက်မခွဲအရွယ် ရောင်စုံဓာတ်ပုံ သုံးပုံ ပူးတွဲပေးပို့ရမည်။ဆုရကဗျာများကို နိုင်ငံတော်က သုံးစွဲခွင့်ရှိသည်။ ပင်ကိုရေးကဗျာဖြစ်ကြောင်းနှင့် ပုံနှိပ်ဖော်ပြခြင်းမရှိခဲ့ဖူးကြောင်း ဝန်ခံချက်ပါရှိရမည်။ စည်းကမ်းချက်နှင့် မညီသောစာမူများကို လက်ခံမည်မဟုတ်ပါ။

ပြိုင်ပွဲဝင်ကဗျာစာမူများကို နောက်ဆုံးထားပေးပို့ရမည့်ရက်မှာ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၃၁ ရက်ဖြစ်ပြီး ဒုတိယဗိုလ်မှူးကြီးအုန်းမောင် (ငြိမ်း) (မြင်းမူမောင်နိုင်မိုး) စာတည်းမှူးချုပ် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ စာပေဗိမာန် ၅၃၁/ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂ ထံသို့ လိပ်မူ၍ ပေးပို့ကြရန် ကြေညာချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရထားပို့ဆောင်ရေးဒုတိယဝန်ကြီး သူရဦးသောင်းလွင် ရထားလုပ်ငန်းလေ့လာရန် အိန္ဒိယနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဒီဇင်ဘာ ၇

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် ခေါင်းဆောင်သောအဖွဲ့သည် အိန္ဒိယနိုင်ငံ စက်ခေါင်းထုတ်လုပ်မှုလုပ်ငန်း MTU အင်ဂျင်သုံးရထားစက်ခေါင်းများအား စွမ်းအားမြှင့်တင်မှုလုပ်ငန်း၊ အင်ဂျင်ထုတ်လုပ်သည့်လုပ်ငန်း၊ ရထားလုပ်ငန်းသုံး အချက်ပြနှင့် ဆက်သွယ်ရေးစနစ်စသည်တို့အားလေ့လာရန် ဒီဇင်ဘာ ၆ ရက် ညနေ ၃နာရီတွင် လေကြောင်းခရီးဖြင့် အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်ပါပို့ဆောင်ကြသည်။**

(အပေါ်ပုံ)

ဒုတိယဝန်ကြီး သူရဦးသောင်းလွင် ခေါင်းဆောင်၍ အိန္ဒိယနိုင်ငံသို့ ရထားလုပ်ငန်းများလေ့လာရန် ထွက်ခွာသွားသောအဖွဲ့တွင် မြန်မာ့မီးရထားမှ ဦးမြင့်ခိုင်(အထွေထွေမန်နေဂျာ ဒီဇယ်စက်ခေါင်းစက်ရုံ၊ ရွာထောင်)၊ ဦးမျိုးမြင့် (ဒုတိယအထွေထွေမန်နေဂျာ၊လူစီးတွဲနှင့် ကုန်တွဲစက်ရုံ၊ မြစ်ငယ်)၊ ဦးညီထွင်း (ဒုတိယအထွေထွေမန်နေဂျာ၊ စက်မှု)နှင့် ဦးဘမြင့် (လက်ထောက်အထွေထွေမန်နေဂျာ၊ ဆက်သွယ်ရေး) တို့ လိုက်ပါသွားကြောင်း သိရသည်။ **(သတင်းစဉ်)**

# အာဆီယံတက္ကသိုလ်ကျောင်းများ အားကစားပြိုင်ပွဲ အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပ

ဂျကာတာ ဒီဇင်ဘာ ၆

**(၁၂)ကြိမ်မြောက် အာဆီယံ တက္ကသိုလ်ကျောင်းများ အားကစားပြိုင်ပွဲများကို အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီး အရှေ့ဂျာဗားပြည်နယ် မြို့တော် ဆူရာဘာယာတောင်ဘက်ရှိ ဂျီလိုရာဒဲလ်တာဆီဒိုအာဂျို အားကစားရုံ၌ တနင်္ဂနွေနေ့က ဖွင့်လှစ်လိုက်သည်။**

## ဖွင့်လှစ်ပေး

အဆိုပါအားကစားပြိုင်ပွဲများကို အမျိုးသားပညာရေးဝန်ကြီး ဘမ်ဘင်းဆူဒီဗျိုက ဖွင့်လှစ်ပေးခဲ့သည်။ အိမ်ရှင် အင်ဒိုနီးရှားနိုင်ငံနှင့် ချန်ပီယံထိုင်းနိုင်ငံတို့ ချန်ပီယံဖြစ်ရန် အကြိတ်အနယ်ယှဉ်ပြိုင်ကြရဖို့ရှိသည်။ အင်ဒိုနီးရှားနိုင်ငံက ချီးမြှင့်မည့် ရွှေတံဆိပ် ၁၁၄ခုအနက် ၆၁ခုရမည်ဟု မျှော်လင့်ထားကြောင်း အားကစား ပြိုင်ပွဲများ လက်ခံကျင်းပရေးအဖွဲ့ ဒုတိယအကြီးအကဲ အီမန်ဆူမူစီက ပြောကြားသည်။

## ဆုတံဆိပ်

မိမိတို့၏ အားကစားသမားများ ဆုတံဆိပ်အများအပြားရဖွယ်ရှိကြောင်း စားပွဲတင်တင်းနစ်၊ တင်းနစ်နှင့် ကြက်တောင်တို့တွင် ရရှိနိုင်ကြောင်း ၎င်းကသတင်းထောက်များအား ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြောကြားသည်။

**(အင်တာနက်)**



**တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ အိမ်ရာ အရောင်းပွဲတော်တစ်ရပ် ကျင်းပလျက်ရှိသည်ကို ဒီဇင်ဘာ ၅ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

# နီပေါနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းခြောက်ခု တရုတ်ကူညီမည်

ခတ္တမန္ဒူ ဒီဇင်ဘာ ၆

**တရုတ်အစိုးရသည် နီပေါနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ အရေးကြီးသောစီမံကိန်းလုပ်ငန်းခြောက်ခု တည်ဆောက်ရာတွင် ကူညီပေးသွားမည်ဖြစ်ကြောင်း နီပေါဆိုင်ရာ တရုတ် သံအမတ်ကြီးဆန်ဟောပင်က ဆင်ဟွာသို့ တနင်္ဂနွေနေ့က ပြောကြားသည်။**

## ပထမဆင့်

စီမံကိန်းသုံးခုကို ပထမအဆင့်အနေဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ အခြားစီမံကိန်းသုံးခုကို ဒုတိယအဆင့်အဖြစ် ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း နီပေါဖွံ့ဖြိုးတိုးတက်ရေးနှင့် အကူအညီပေးရေး တစ်စိတ်တစ်ဒေသအဖြစ် ဆန်ကပြောကြားသည်။

## ဒုတိယဆင့်

စီမံကိန်းလုပ်ငန်းများအနက် ပထမအဆင့် ဆောင်ရွက်မည့်လုပ်ငန်းများမှာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဖြစ်သော ဆေးရုံတည်ဆောက်ရေး၊ သိပ္ပံနှင့်နည်းပညာသင်ကြားပေးသော အဆင့်မြင့်ကောလိပ် တည်ဆောက်ရေးနှင့် ဆာယာဖာရှာဘက်စီ–ရှဆုဝါလမ်း တည်ဆောက်ရေးတို့ဖြစ်သည်။

ဒုတိယအဆင့် ဆောင်ရွက်လုပ်ကိုင်မည့် လုပ်ငန်းများမှာ ခတ္တမန္ဒူလမ်းတည်ဆောက်ရေး၊ အေယာဗီဒစ် ဆေးရုံတည်ဆောက်ရေး၊ တရုတ်နိုင်ငံ ကျန်ဖူးသို့ ဖြတ်သန်းသွားသောလမ်း အဆင့်မြှင့်တင်ရေးတို့ ပါဝင်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# အိန္ဒိယနှင့်အရှေ့တောင်အာရှ ဆက်ဆံရေး အာဆီယံကားမောင်းပြိုင်ပွဲက ပြန်လည်အသက်သွင်းပေး

ဖနောင်ပင် ဒီဇင်ဘာ ၆

**အိန္ဒိယနိုင်ငံနှင့် အရှေ့တောင် အာရှ၏ ဆက်ဆံရေးသည် ရှေးနှစ်ပေါင်း ၂၀၀၀ပြည့်ဆီသို့ ပြန်ရောက်သွားသကဲ့သို့ ထင်မှတ်ရသည်။ ထိုအချိန်အခါကပင် အိန္ဒိယနှင့်အရှေ့တောင်အာရှသည် ကုန်သွယ်မှုများ ပြုခဲ့ကြသည်။**

ယခုကျင်းပနေသော အာဆီယံ ကားမောင်းပြိုင်ပွဲသည် အဆိုပါရှေးဟောင်းလမ်းကြော၊ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းကို ပြန်အသက်သွင်းပေးသကဲ့သို့ ရှိသည်ဟု ဆိုသည်။ ထိုအချိန်အခါက အရှေ့တောင်အာရှနိုင်ငံများ၌လာရောက်နေထိုင် အခြေစိုက်ကာ စီးပွားရှာကြသော အိန္ဒိယလူမျိုး ကုန်သည်များနှင့် အတူ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာနှင့် ရိုးရာဓလေ့များ ပါရှိလာခဲ့ကြသည်။

## ပျော်ရွှင်

ယခုကဲ့သို့ ကြီးကျယ်ခမ်းနားသော ကားမောင်းပြိုင်ပွဲနှင့်ကြုံတွေ့ရသော လူများသည် ၎င်းတို့အတွက် အနာဂတ် အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာတော့မည်ဆိုသော အတွေးဖြင့် ပျော်ရွှင်ဝမ်းမြောက်ခဲ့ကြသည်။

ကားမောင်းပြိုင်ပွဲ ဖြတ်သန်းခဲ့ရာ အရှေ့မြောက်နိုင်ငံများမှ ပြည်သူများသည် ကားမောင်းပြိုင်ပွဲကို လှိုက်လှိုက်လှဲလှဲကြိုဆိုခဲ့ကြပြီး ပြိုင်ပွဲဝင်များအားလည်း နွေးထွေးပျူငှာစွာ ကြိုဆိုဧည့်ခံခဲ့ကြသည်။

**(အင်တာနက်)**

# ထိုးစစ်ပြီးသော်လည်းကန်တပ်ဖွဲ့ဝင်များ လုံခြုံရေးအပြည့်အဝမရ

ဖလူးဂျာ ဒီဇင်ဘာ ၅

**အီရတ်နိုင်ငံ ဖလူးဂျာမြို့တွင် ထိုးစစ်ဆင်နွှဲခဲ့မှု ပြီးဆုံးခဲ့ပြီဖြစ်သော်လည်း အမေရိကန်တပ်ဖွဲ့ဝင်များအတွက် လုံခြုံရေးအပြည့်အဝ မရရှိသေးကြောင်း သိရသည်။ စစ်ပွဲဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် မြို့တွင်းသို့ ဒေသခံများ ပြန်လည်ဝင်ရောက်လာခြင်းနှင့်အတူ တိုက်ခိုက်ခံရသော အန္တရာယ်လည်း များပြားလာသည်။**

အလံဖြူကိုင်ဆောင်လာပြီး အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်သည့် ဖြစ်ရပ်များပြားလာသည့်အတွက် တစ်မြို့လုံး၌ အပြင်မထွက်ရအမိန့် ထုတ်ပြန်ထားသည်။ ဖလူးဂျာမြို့ လမ်းများကိုရှင်းလင်းရာတွင် ပြည်ပတိုက်ခိုက်ရေးသမားများ၏ သေနတ်မျိုးစုံ၊ တင့်ကားဖျက်မိုင်း ၃၁ဝနှင့် ဒုံးကျည်သုံးထောင်ခန့်ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

အိမ်များတွင် သိုဝှက်ထားသော အခြားလက်နက်များအပြင် အိမ်ပြန်လာကြသည့် ဒေသခံများနှင့် လက်နက်ကိုင်များကို ခွဲခြား မသိရှိနိုင်ကြခြင်းကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့် အခက်ကြုံနေရသည်။ လက်နက်ကိုင်များသည် ယူနီဖောင်းဝတ်လေ့ မရှိခြင်းကြောင့် အလွယ်တကူ ခွဲခြားသိရှိနိုင်ခြင်း မသိရဘဲရှိနေသည်။

မြို့တွင်း၌ တွေ့ရှိရသည့် အသက်(၁၅)နှစ်မှ (၅၅)နှစ်အရွယ်ရှိ အီရတ်များကို အမေရိကန်တို့က ထိန်းသိမ်းကာ စစ်ဆေးမေးမြန်းလျက်ရှိပြီး၊ ပြန်လွှတ်ပေးသည့်လူများကို အိမ်ပြန်ပို့ခြင်းနှင့် မြို့ပြင်သို့ စောင့်ရှောက် လိုက်ပို့ခြင်းတို့မှ ကြိုက်ရာရွေးခွင့်ပြုသည်။

**(စီအင်န်အင်န်)**



**ဂျပန်နိုင်ငံ တိုကျိုမြို့ အင်တာနက်ကဖေးဆိုင်တစ်ဆိုင်၌ ကွန်ပျူတာပေါ်မှ ဖျော်ဖြေရေးအစီအစဉ်တစ်ခုအား လာရောက်စားသုံးသူ တစ်ဦးက ကြည့်ရှုနေသည်ကို ဒီဇင်ဘာ ၆ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

# သီရိလင်္ကာ၏ အထည်အလိပ်ပို့ကုန်ဝင်ငွေ တိုးတက်ရရှိလာမည်ဟု အကောင်းဘက်မှရှုမြင်

ကိုလံဘို ဒီဇင်ဘာ ၆

**ဦးစားပေးကုန်သွယ်ရေးသဘောတူစာချုပ် သက်တမ်းကုန်ဆုံးပြီးနောက်ပိုင်းတွင် သီရိလင်္ကာနိုင်ငံသည် အထည်အလိပ်လုပ်ငန်းမှနေ၍ အကျိုးအမြတ်များရရှိလာနိုင်ကြောင်း မိမိယုံကြည်သည်ဟု သီရိလင်္ကာပူးတွဲအဝတ်အထည် လုပ်ငန်းအသင်း ဖိုရမ်၏ အတွင်းရေးမှူးချုပ် အမ်ပီတီကူရေးက ပြောဆိုကြောင်း ဆန်းဒေးအော့ဇားဗား သတင်းစာက တနင်္ဂနွေနေ့၌ ဖော်ပြသည်။**

## ပြောကြား

သီရိလင်္ကာနိုင်ငံသည် ၂၀၀၂ခုနှစ်၌ စတင်ခဲ့သော ငါးနှစ် မဟာဗျူဟာ နောက်ပိုင်း ၂၀၀၇ခုနှစ်တွင် အထည်အလိပ်နှင့် အဝတ်အထည်ပို့ကုန်ဝင်ငွေသည် ဒေါ်လာ ၄ ဒသမ ၅ဘီလီယံထိ တိုးပြီး ရရှိလာမည်ဖြစ်ကြောင်း၊ အထည်အလိပ်နှင့် အဝတ်အထည်ပို့ကုန်မှ သီရိလင်္ကာနိုင်ငံ၏ လက်ရှိ နှစ်စဉ်ဝင်ငွေသည် ဒေါ်လာ ၂ ဒသမ ၃ဘီလီယံဖြစ်ကြောင်း ကူရေးက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံက အထည်အလိပ်နှင့်အဝတ်အထည်များ နိုင်ငံခြားသို့ တင်ပို့မှုမှ ရရှိသော ဝင်ငွေသည် စုစုပေါင်းရရှိသော ပို့ကုန်ဝင်ငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည်ဟု သိရသည်။

သီရိလင်္ကာနိုင်ငံသည် အထည်အလိပ်နှင့်အဝတ်အထည်လုပ်ငန်းကို နှစ်သုံးလေးဆယ်မျှ လုပ်ကိုင်ခဲ့ပြီးနောက် ကမ္ဘာကိုယှဉ်ပြိုင်နိုင် စွမ်းပကားဖြစ်ထွန်းရရှိလာခဲ့ကြောင်း ၎င်းက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဒီဇင်ဘာ ၆ရက်အထိ အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၂၇၆ဦးရှိပြီ

ဘဂ္ဂဒက် ဒီဇင်ဘာ ၇

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ၂၀၀၃ခုနှစ် မတ် ၂၀ရက်က စတင်ပြီး ဝင်ရောက် ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံး ဒဏ်ရာရလျက်ရှိကြသည်။**

ဒီဇင်ဘာ ၆ရက် တနင်္လာနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၂၇၆ ဦး ရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၉၉၈ ဦးမှာ တိုက်ပွဲ၌ သေဆုံးခဲ့ကြသည်။

## သေဆုံး

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၇၄ဦး၊ အီတလီ ၁၉ဦး၊ စပိန် ၁၁ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန် နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီသေဆုံးခဲ့ကြသည်။

သမ္မတဘုရှ်က ၂၀၀၃ခုနှစ် မေ ၁ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၁၃၈ဦး ဖြစ်ပြီး ယင်းအနက် ၈၈၉ဦးမှာ တိုက်ပွဲ၌ သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

**(အင်တာနက်)**

# ရွှေရင်အေးမျိုးစပါးနှင့် ဆင်းရွှေဝါမျိုးစပါး စိုက်ပျိုးမှုကြည့်ရှု ဆည်ရေခွဲဝေသုံးစွဲမှုနှင့်ပတ်သက်၍ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်မှာကြား

ရန်ကုန် ဒီဇင်ဘာ ၇

**ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် ယန်းလုကျေးရွာအနီး ကွင်းအမှတ်(၈၂) ကတ်ဖကွင်းသို့ ဒီဇင်ဘာ၂ရက် နံနက်၈နာရီခွဲ၌ရောက်ရှိလာပြီး ဌာနဆိုင်ရာ နွေစပါးစိုက်မည့် လယ်ကွက်များ စုစုပေါင်း ၁၆၉ဧကအား လက်တွန်းလယ်ထွန်စက် ၅၂စီးဖြင့် တစ်ပြိုင်တည်းထွန်ယက်နေမှုကို လိုက်လံကြည့်ရှုအားပေးပြီး နွေစပါးအချိန်မီစိုက်ပျိုးရေး၊ ရေရရှိရေး၊ ဆည်မြောင်းတာတမံများ စနစ်တကျ ပိတ်ဆို့ဆောင်ရွက်ပေးရန် မှာကြားသည်။**

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် ကျိုင်းတုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးစီးဆောင်ရွက်နေသည့် ရွှေရင်အေး မျိုးစပါး ၉၁တင်း၊ ဆင်းရွှေဝါ မျိုးစပါး ၈၁ တင်း ထွန်ယက်ပျိုးကြဲနေသည့် ဌာနဆိုင်ရာ နွေစပါးပျိုးခင်းသို့ ရောက်ရှိပြီး ထွန်ယက်နေမှု၊ ပျိုးကြဲနေမှု၊ ပျိုးပင်များ ဓာတ်မြေသြဇာ ပက်ကြဲနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

## လက်ရှိက်ဆည်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် ဌာနဆိုင်ရာ နွေစပါးစိုက်ပျိုးခင်းမှ နံနက် ၉နာရီ ၁၅မိနစ်တွင်ထွက်ခွာလာရာယန်းလောကျေးရွာအုပ်စု ဖိုင်ဝိန်းကျေးရွာသို့ နံနက် ၉နာရီခွဲတွင် ရောက်ရှိသည်။ တိုင်းမှူးသည် ဖိုင်ဝိန်းကျေးရွာအနီး ကွင်းအမှတ်(၇၈) ဝမ်တပ်ကွင်းနှင့် ကွင်းအမှတ်(၈၁) ဝမ်နားကွင်းတွင် နွေစပါး ၁၆၀၃ဧက စိုက်ပျိုးရာ လက်တွန်းလယ်ထွန်စက်များဖြင့် တစ်ပြိုင်တည်း ထွန်ယက်နေမှုကို ကြည့်ရှုပြီး ဝမ်ကပ်ကွင်းနှင့် ဝမ်နားကွင်းကို ရေခွဲဝေပေးသည့် နန့်မော်ကုန်း လက်ရိုက်ဆည်ကို ကြည့်ရှုကာ ဆည်ရေခွဲဝေသုံးစွဲမှုများနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

## ကွင်းဆင်းဆောင်ရွက်

ဆက်လက်ပြီး ကျိုင်းတုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်မင်းက ကျိုင်းတုံမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ လေးဖွဲ့ခွဲ ဆောင်ရွက်လျက်ရှိကြောင်း၊ ရေရရှိရေးအတွက် လက်ရိုက်ဆည်များ ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း၊ ပင်မရေမြောင်းများ လယ်ရေသွင်း မြောင်းငယ်များကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးနေကြောင်း၊ ရွှေရင်အေး မျိုးစပါးကိုလည်း တောင်သူများ ပျိုးထောင်ပြီးသည်အထိ လိုက်လံစစ်ဆေး အကူအညီပေးနေမှုကို တင်ပြကြောင်း သိရသည်။ **(သတင်းစဉ်)**



**ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ကျိုင်းတုံမြို့နယ် ယန်းလုကျေးရွာအနီးရှိ ဌာနဆိုင်ရာ နွေစပါးပျိုးခင်း၊ စိုက်ခင်းများသို့ သက်ဆိုင်ရာဌာနဆိုင်ရာတို့နှင့်အတူ ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။** (သတင်းစဉ်)



**ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဂေါပကအဖွဲ့နှင့် ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ သုံးမြို့နယ်စုပေါင်း၍ မဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို တန်ဆောင်မုန်းလပြည့်နေ့က မဟာသိမ်တော်ကြီးဓမ္မာရုံတွင် ကျင်းပရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဟန်(သီတဂူ)နှင့် ပန်းဘဲတန်းမြို့နယ်ဥက္ကဋ္ဌတို့က သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရထံ ကထိန်ဥတ်သင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

# မဟာမုနိသကျ ကိုးထပ်ကြီးဘုရား နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်းမြို့နယ်လုံးဆိုင်ရာ အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရား နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၃၀ရက် မွန်းလွဲပိုင်းက သင်္ဃသုခနှစ်ထပ်ဓမ္မာရုံကြီးတွင် ပြုလုပ်သည်။

၁၉၀၅ခုနှစ်မှ စ၍ ဗားကရာကျောင်းတိုက်ဝင်းအတွင်း တည်ထားကိုးကွယ်ခဲ့သော အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရားသည် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလတွင် နှစ်ပေါင်း(၁၀၀)ပြည့်မြောက်ပြီဖြစ်ရာ ဘုရားကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူလျက် ဓမ္မပူဇာတရားပွဲ၊ အသံမစဲ မဟာပဋ္ဌာန်းပွဲ၊ ဆွမ်းဆန်စိမ်း လောင်းလှူပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဟု သိရသည်။ **(၁၂၉)**

## စာရင်းစစ်မှူးများသင်တန်းဆင်း

**ရန်ကုန် ဒီဇင်ဘာ ၇**

စာရင်းစစ်မှူးများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ စာရင်းစစ်ချုပ်ရုံးနှင့် ဒေသဆိုင်ရာစာရင်းရုံးများမှ စာရင်းစစ်မှူး ၈၅ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ တစ်လခန့်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပန်းတနော်မြို့ အထက နှစ်(၅၀)ပြည့် ရွှေရတုဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၇**

ပန်းတနော်အထက၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်တွင် မြတ်ဆရာပူဇော်ခြင်း၊ ရန်ကုန်မြို့မှ စာရေးဆရာများ စာပေဟောပြောပွဲကျင်းပခြင်း၊ ပြခန်းဖွင့်လှစ်ခြင်း၊ မိတ်ဆုံစားပွဲနှင့် အခြား ပျော်ပွဲရွှင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ယင်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော အငြိမ်းစားဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်းများသည် အခမ်းအနား ကျင်းပမည့် ဒီဇင်ဘာ ၁၉ရက် (တနင်္ဂနွေနေ့)နှင့် ၂၀ရက်(တနင်္လာနေ့) နံနက်၉နာရီ၌ မပျက်မကွက် တက်ရောက်ကြရန်နှင့် ရန်ကုန်မြို့တွင် ဦးထွန်းထွန်း ဖုန်း-၀၉-၉၀၅၀၁၈၃၊ ပန်းတနော်မြို့တွင် ဦးထွန်းအောင် ဖုန်း-၀၄၅-၂၁၅၇၄ (၃၇)တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

# မင်္ဂလာဒုံမြို့နယ်၌ စာပေဟောပြောပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၇**

မင်္ဂလာဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ စာဆိုတော်နေ့အကြို စာပေဟောပြောပွဲကို ယင်းမြို့နယ် ၂(က) စံပြရပ်ကွက်တွင် ဒီဇင်ဘာ ၅ရက်က ကျင်းပရာ မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် စာပေချစ်မြတ်နိုးသူများ တက်ရောက်ကြပြီး စာရေးဆရာ လယ်တွင်းသားစောချစ်၊ စာရေးဆရာဒါရိုက်တာ မောင်ဝဏ္ဏ၊ မြင်းမူမောင်နိုင်မိုးနှင့် မစန္ဒာတို့က စာပေရေးရာများ ဟောပြောကြကြောင်း သိရသည်။ **(က-ပ)**

**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့ထိ နိုင်ငံအဝန်းတွင်**
**ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၀၅၉၈)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

**ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။**

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန



**ဒီဇင်ဘာ ၇ရက်က ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ချေးငွေလုပ်ငန်းများဆိုင်ရာ သင်တန်း (ကြီးကြပ်ဝန်ထမ်းများ) အမှတ်စဉ် (၂/၂၀၀၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ပန်းဆိုးတန်းလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁) သင်တန်းခန်းမ၌ကျင်းပရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်း တက်ရောက်အမှာစကားပြောကြားစဉ်။** (က-ပ)

# မြောက်ဥက္ကလာ အလက(၈) ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၇**

မြောက်ဥက္ကလာပမြို့နယ် (ဈ) ရပ်ကွက် ယခင်အမက (၁၃) ယခု အလက (၈)တွင် ၁၉၆၁ခုနှစ်မှ ၁၉၈၁ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ကြီးများနှင့် ဆရာဆရာမများအား ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၁ရက် (စနေနေ့) မွန်းလွဲ၁နာရီတွင် အလက(၈) ဖုန်း-၆၉၉၂၇၉၊ (ဈ)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများအား ဖိတ်ကြားနှိုးဆော်ထားသည်။

ကျောင်းသားကျောင်းသူဟောင်းများသည် ကိုထိန်ဝင်း ဖုန်း-၆၉၉၈၁၄ နှင့် ဆရာမ ဒေါ်ငွေငွေဝင်း ဖုန်း-၆၉၉၂၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

## မြေငလျင်လှုပ်

ရန်ကုန် ဒီဇင်ဘာ ၇

**၂၀၀၄ခုနှစ် ဒီဇင်ဘာ ၆ရက် မြန်မာစံတော်ချိန် ၂၀နာရီ ၅၃ မိနစ် ၃၄ စက္ကန့် အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ အရှေ့မြောက်ဘက် မိုင်၃၀၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၇ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။**

# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ သံဃရာဇာဆရာတော်ကြွရောက်တော်မူ

ရန်ကုန် ဒီဇင်ဘာ ၇

**ရန်ကုန်မြို့၌ ကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးသို့တက်ရောက်ရန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ သံဃရာဇာဆရာတော် Most Ven Dr. Vichit Singharaj နှင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ကြွရောက်တော်မူလာကြသည်။** (ယာပုံ)

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ သံဃရာဇာဆရာတော်နှင့်ကိုယ်စားလှယ်အဖွဲ့အား သီတဂူဗုဒ္ဓတက္ကသိုလ်အဓိပတိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယ ဂုဏ်ထူးဆောင် ပါမောက္ခဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာအရှင်ဉာဏိဿရ (D.Litt)၊ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြသည်။ **(သတင်းစဉ်)**





**ဒီဇင်ဘာ ၆ ရက်က မြောက်ဥက္ကလာပ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မြန်မာစာ၊ အင်္ဂလိပ်စာထူးချွန်ကျောင်းသားငါးဦးကို ဓမ္မရတနာယဉ်ကျေးလိမ္မာ မင်္ဂလာသင်တန်းနာယကဦးအောင်ကြည်မြင့် ဆုချီးမြှင့်စဉ်။** (က-ပ)

## ပဲခူးမြို့ လယ်တီဝိပဿနာတရားစခန်း

**ရန်ကုန် ဒီဇင်ဘာ ၇**

လယ်တီဆရာတော်ကြီး၏မူ၊ အနာဂါမ် ဆရာသက်ကြီး ဥပနိဿယအတိုင်း မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးသန်း(ဒလ၊ပျော်ဘွယ်ကြီး)၊ အရှင်ဣန္ဒာစာရ(ရွှေအင်ကြင်းကျောင်း)နှင့် တပည့်ကမ္မဋ္ဌာနာစရိယများ ပြသမည့် ခုနစ်ရက် တရားစခန်းကို ဒီဇင်ဘာ ၂၄ ရက်မှ ၃၀ ရက်အထိ ပဲခူးမြို့ မဇင်းရပ်ကွက် ခေါင်းရင်းတော်ကျောင်း၌ ကျင်းပသွားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဒေါက်တာ မောင်မောင်မြင့်(မြို့မဆေးခန်း)ဖုန်း-၂၁၅၄၅ နှင့် ဦးနေအောင် ဖုန်း-၂၃၆၂၂တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ (က-ပ)

**ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) ဝန်ထမ်းမိသားစုများ၏ (၃၅)ကြိမ်မြောက် မဟာဘုံကထိန်သင်္ကန်း ကပ်လှူပွဲကို နိုဝင်ဘာ၂၅ရက်က ဗဟိုအမျိုးသမီးဆေးရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ ဆရာတော် သံဃာတော်များထံ ဆေးရုံအုပ်ကြီး ဒေါက်တာရွှေအိုးနှင့် ဝန်ထမ်းများက ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။** (က-ပ)



## ဆင်ဖြူကျွန်းအောင်သိန်း၏ အဖေဝတ္ထုများထွက်ပြီ

**ရန်ကုန် ဒီဇင်ဘာ ၇**

ကိုဆေးရိုး မကျည်းတန် အပါအဝင် မြန်မာ့ယဉ်ကျေးမှုနှင့် လူနေမှုစရိုက်များ၊ ဘဝသရုပ်ဖော်ဇာတ်လမ်းများနှင့် မိဘမေတ္တာဖွဲ့အကြောင်းအရာများကို ပီပြင်စွာ ရေးသားဖော်ကျူးနိုင်စွမ်းရှိသည့် စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း၏ အဖေ့ဘဝရသစုံကို ခြယ်မှုန်းသီကုံးထားသည့် "အဖေဝတ္ထုများ" စာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အောက်ပုံ)**

ဝတ္ထုတို ၁၅ပုဒ်ကို စုစည်းထားသော၍စာအုပ်သည် အဖေနှင့်အမေ၏ကျေးဇူးကို တုံ့ဆပ်လိုသော သားသမီးတိုင်း လူငယ်လူရွယ်တိုင်းအတွက် ဖတ်သင့်လေ့လာသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ပြီး၊ နိုင်ငံ့ဂုဏ်ရည် စာပေတိုက် ဖုန်း-၃၇၄၅၃၂၊ ၅၂၉/၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ရန်ကုန်မြို့နှင့် ကိုယ်စားလှယ်ဆိုင်ကြီးများ၊ မန္တလေးမြို့ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် အနယ်နယ်အရပ်ရပ် စာအုပ်ဆိုင်များအပြင် ကျင်းပလျက်ရှိသော စာဆိုတော်နေ့အထိမ်းအမှတ် စာအုပ်ဈေးပွဲတော်တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(က-ပ)**

**ဒီဇင်ဘာ၂ရက်က ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ငွေး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



## သာယာမည်

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။**

## အင်းစိန်မြို့သစ်ဓမ္မာရုံ ၁၀ရက်တရားစခန်း

**ရန်ကုန် ဒီဇင်ဘာ ၇**

အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမ မြို့သစ်ဓမ္မာရုံကျောင်းတိုက်တွင် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ၃၁ရက်မှ ၂၀၀၅ခုနှစ် ဇန်နဝါရီ၉ရက်အထိ ပြည်တွင်း ပြည်ပ မဟာစည်ရိပ်သာများ နာယက ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ကုသလ(သရက်)၊ အင်းစိန်မြို့ မြို့သစ်ဓမ္မာရုံကျောင်းတိုက် ပဓာနနာယက မဟာစည်ကမ္မဋ္ဌာနာစရိယ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် အရှင်ပညာဝရနှင့် မဟာစည်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော်များ၏ဦးဆောင်မှုဖြင့် ပဉ္စမအကြိမ်မြောက် မဟာစည်မဟာသတိပဋ္ဌာန် ဝိပဿနာ ၁၀ ရက်စခန်း တရားအားထုတ်ပွဲ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများသည် မြို့သစ်ဓမ္မာရုံကျောင်းတိုက်သို့ ဒီဇင်ဘာ၃၁ရက် ညနေ နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**




ပဉ္စမအကြိမ်

**မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများညီလာခံ**

(၁၅-၁၂-၂၀၀၄) မှ (၁၇-၁၂-၂၀၀၄)

ကျိုက္ကာဆံကွင်း၊ ပြည်ထောင်စုခန်းမ

ပဉ္စမအကြိမ်

**တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ**

(၁၆-၁၂-၂၀၀၄) မှ (၂၅-၁၂-၂၀၀၄)

တပ်မတော်ခန်းမ


## တရားစခန်းဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၇**

အနာဂါမ်ဆရာ သက်ကြီး ဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီးဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)ဦးဆောင်သော မြန်မာလကွယ်နေ့တိုင်းဖွင့်လှစ်မြဲဖြစ်သည့် (၁၂၁)ကြိမ်မြောက် အနာဂါမ်ဆရာ သက်ကြီး ဝိပဿနာ ခုနစ်ရက် တရားစခန်းကို သန်လျင်မြို့နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ်ဆရာ သက်ကြီး ဝိပဿနာဓမ္မရိပ်သာ၌ ဒီဇင်ဘာ ၁၁ရက် ညနေ ၆နာရီတွင် ဖွင့်လှစ်မည်ဖြစ်၍ တရားစခန်းဝင်လိုသောယောဂီများသည် ဖုန်း-၂၅၄၉၀၆နှင့် ၀၅၆-၂၁၄၃၂သို့ ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်းနှင့် တရားစခန်းဖွင့်မည့် ဒီဇင်ဘာ ၁၁ရက် ညနေ ၃နာရီထက်နောက်မကျစေဘဲ မိမိတို့၏အမျိုးသား မှတ်ပုံတင်များ ယူဆောင်ပြီး ဗဟန်းမြို့နယ်အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

**ဒီဇင်ဘာ၇ရက်က မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်း ရန်ကုန်မြို့ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် ဝါတွင်းခုနစ်ရက်တရားစခန်းတွင် ရိပ်သာဆောက်လုပ်နိုင်ရန်အတွက် အလှူငွေ ကျပ်တစ်သိန်းကို အမှတ် ၈၆၆ သုမိတ္တာ၂၂လမ်း မြောက်ဥက္ကလာပမြို့နေ ဦးဝင်းနိုင်-ဒေါ်သန်းငွေးမိသားစုတို့က ပေးအပ်လှူဒါန်းရာ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးခင်လှိုင်(ချစ်မိုးညို)က လက်ခံရယူစဉ်။** (က-ပ)



# ပဲခူးမြို့ အထက(၃)တင်းနစ်ကွင်းသစ်ဖွင့်ပွဲနှင့် အာစရိယပူဇော်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဝန်ကြီးများတက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၇

**ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း(ယခင် အမျိုးသားတန်းမြင့်ကျောင်း) တင်းနစ်ကွင်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ တင်းနစ်ကွင်း၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဘင်ခရာနှင့်ပန်းဖွားအဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။**

အခမ်းအနားတွင် တင်းနစ်ကွင်းသစ်ကို တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး အမှာစကားပြောကြားကြသည်။

## ပြန်လည်ပေးအပ်

ယင်းနောက် တင်းနစ်ကွင်းသစ်အတွက် အားကစားဝန်ကြီးဌာနမှ မတည်ငွေ ကျပ်သိန်း၅၀နှင့် တင်းနစ်အားကစားပစ္စည်းများကို ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လည်းကောင်း၊ Max Myanmar Co., Ltd. မှ လှူဒါန်းငွေကျပ် သိန်း၁၀၀ နှင့် တင်းနစ်ကွင်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အဖွဲ့ချုပ်ဥက္ကဋ္ဌ Max Myanmar Co.,Ltd. ဥက္ကဋ္ဌ ဦးဇော်ဇော်ကလည်းကောင်း ပေးအပ်လှူဒါန်းရာ တိုင်းမှူးကလက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

## သီဆိုပူဇော်

ဆက်လက်၍ ပဲခူးမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း (ယခင် အမျိုးသားတန်းမြင့်ကျောင်း) ကျောင်းသား ကျောင်းသူ ဟောင်းများ၏ အာစရိယပူဇော်ပွဲကို နံနက် ၁၀ နာရီတွင် ကျောင်းခမ်းမဆောင်၌ ကျင်းပရာ ကျောင်းသားဟောင်းတစ်ဦးဖြစ်သော ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အာစရိယပူဇော်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားပြီး ကျောင်းသူဟောင်းတစ်ဦးက မြတ်ဆရာ သီချင်းဖြင့် သီဆိုပူဇော်သည်။

ယင်းနောက် အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးမြင့်ဦးက ကျောင်းသမိုင်းအကျဉ်းကို ရှင်းလင်း ပြောကြားပြီး ကျောင်းသားဟောင်းများက စိန်ရတုကျောင်း သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။ ဆက်လက်၍ အငြိမ်းစားယူခဲ့ကြသည့် ဆရာကြီး ဆရာမကြီးများအား ညှော်သည်တော်များနှင့် ကျောင်းသား ကျောင်းသူဟောင်းများက ဂါရဝပြုကန်တော့ကြပြီး ကန်တော့ငွေများနှင့် ကန်တော့ပစ္စည်းများကို ကန်တော့ခံ ဆရာကြီး ဆရာမကြီး ၈၂ ဦးအား ပေးအပ်ကြသည်။

## ပေးအပ်လှူဒါန်း

ထို့နောက် အကန်တော့ခံ ဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးထွန်းညွန့်က ဆုံးမဩဝါဒ စကားပြောကြားပြီး ပဲခူးမြို့ အထက(၃)၏ ပညာရေးဖောင်ဒေးရှင်းအတွက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မိသားစုက ငွေကျပ်တစ်သိန်းကို လည်းကောင်း၊ ကျန်အလှူရှင် ငါးဦးတို့က ငွေကျပ် ၈၆၃၀၀၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

## ကျေးဇူးတင်စကားပြောကြား

ဆက်လက်၍ အထက(၃)ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့အတွက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မိသားစုက ငွေကျပ်တစ်သိန်းကို လည်းကောင်း၊ ကျန်အလှူရှင် ရှစ်ဦးတို့က ငွေကျပ် ကိုးသိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်နွယ်ဦးကကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ဒီဇင်ဘာ ၆ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပခဲ့သော ဒုတိယအကြိမ် အရှေ့အာရှဆွေးနွေးပွဲသို့တက်ရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။** (သတင်းစဉ်)

# ဗုဒ္ဓရုပ်ပွားတော် ၁၀၈ ဆူ ပူဇော်ပင့်ဆောင်ပွဲအခမ်းအနား မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေး တက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၇

**ရှမ်းပြည်နယ်(တောင်ပိုင်း)မိုင်းနောင်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ ကိုးကွယ်ပူဇော်နိုင်ရန် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းနှင့်ဇနီးနှင့် အလှူရှင်များက ဒါနပြုလှူဒါန်းသည့် ဒုတိယအကြိမ် ဗုဒ္ဓရုပ်ပွားတော် ၁၀၈ ဆူ ပူဇော်ပင့်ဆောင်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂ ရက် နံနက် ၈ နာရီခွဲတွင် မိုင်းနောင်မြို့ မင်္ဂလာရန်အောင်ဘုန်းတော်ကြီးကျောင်း၌ကျင်းပရာ ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေးနှင့်ဇနီး၊ အရာရှိ၊ စစ်သည်မိသားစုဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရုပ်ပွားတော်ပင့်ဆောင်ပူဇော်မည့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။**

ရှေးဦးစွာ ဆရာတော် သံဃာတော်များအား အခမ်းအနားသို့ တက်ရောက်လာကြသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်း၊ ဇနီးဒေါ်သန့်ဇင်မြင့်နှင့် အလှူရှင်များကိုယ်စား ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဇနီးတို့က ဗုဒ္ဓရုပ်ပွားတော် ၁၀၈ ဆူအား မိုင်းနောင်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ကိုးကွယ်ပူဇော်နိုင်ရန် ပင့်ဆောင်ပေးကြသည်။

ထို့နောက် ဆရာတော်ကြီးထံမှ ရေစက်ချအနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အထက(၁)ပခုက္ကူ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၇**

ပခုက္ကူမြို့ အထက(၁) [ယခင် BTR] ကျောင်းသူကျောင်းသားဟောင်းများ၏(၁၆)ကြိမ်မြောက် သက်ပြည့်အငြိမ်းစား ဆရာ ဆရာမ၁၁၄ဦးတို့အား အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက် မွန်းတည့် ၁၂ နာရီတွင် ယင်းကျောင်းခမ်းမဆောင်၌ကျင်းပမည်ဖြစ်ရာ ကျောင်းသူကျောင်းသားဟောင်းများ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**





**ဒီဇင်ဘာ ၆ ရက်က ကျောင်းသားကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အလက(၃) လှိုင်မြို့နယ်တွင်ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွဲ့မူစိန်က ဆုံးမစကားပြောကြားစဉ်။** (က-ပ)

# ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲစတင်

**ရန်ကုန် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ် ဝန်ကြီးဌာနပေါင်းစုံအမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌စတင်ကျင်းပရာ စက်မှု(၁)အသင်းနှင့် အား/ကာသိပ္ပံ(ရန်ကုန်)အသင်းတို့ ဂိုးမရှိ သရေပွဲဖြစ်သွားသည်။ အုပ်စု(က)တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေး(က)အသင်း၊ စက်မှု(၁)အသင်းနှင့် အား/ကာသိပ္ပံ (ရန်ကုန်)အသင်းတို့ပါဝင်သည်။ အုပ်စု(ခ)တွင် ပို့ဆောင်ရေးအသင်း၊ပြည်ထဲရေး(ခ)အသင်းနှင့် အား/ကာသိပ္ပံ(မန္တလေး)အသင်းတို့ပါဝင်ကြသည်။ **(မြန်မာ့အလင်း)**

# ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၇**

ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၏ ၁၉၆၉-၁၉၇၃ခုနှစ်တွင် ပညာသင်ကြားခဲ့သော ကျောင်းသားကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၆ရက်(တနင်္ဂနွေနေ့)နံနက်၉ နာရီတွင်ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးမြင့်သိန်းတင် ဖုန်း-၃၈၃၇၂၁၊ ၀၉-၅၀-၀၉၆၄၂၊ ဦးမောရစ် ဖုန်း-၅၁၁၃၂၈၊ ဦးခွန်သာမြင့် ဖုန်း-၆၆၀၂၇၅၊ ဦးမြင့်စိုး ဖုန်း-၂၅၆၇၉၀၊ ၃၈၀၂၉၁၊ ဦးမြင့်သူ ဖုန်း-၂၅၆၆၂၁၊ ၀၉-၅၀-၁၁၇၁၂၊ ဒေါ်ခင်သီ ဖုန်း-၅၅၅၇၇၀၊ ၂၂၁၀၀၅၊ ဦးသန်းစိန် ဖုန်း-၂၀၂၀၇၁ နှင့်ဒေါ်မာလာသန်း ဖုန်း-၆၆၂၀၁၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**





**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုမြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ(ဗဟို)ရုံးခန်း (ဗဟန်း၃လမ်းမှတ်တိုင်အနီး)တွင် မိဘနှစ်ပါးဖြစ်သော ဦးသိန်းမောင်၊ ဒေါ်နှင်းမြ(မိုးညှင်းယောဂီ)တို့အား ရည်စူး၍ ဒေါ်ညွန့်ညွန့်(အငြိမ်းစားအထက်တန်းကျောင်းအုပ်ဆရာမကြီး)၊ ဒေါ်မြင့်မြင့်(အငြိမ်းစား၊ ဒုတိယညွှန်ကြားရေးမှူး၊ စီးပွား/ကူးသန်း)မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဘဏ္ဍာရေးမှူးဦးဌေးမြင့်သို့ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)



**တောင်ဥက္ကလာပမြို့နယ် (၁၁) ရပ်ကွက် ပညာအလင်းပြ စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၅ ရက်က ရပ်ကွက်ရုံးရှေ့တွင်ပြုလုပ်ရာ ဖွင့်ပွဲအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းနွဲ့က စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ အုပ် ၁၀၀ ကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

**ဒီဇင်ဘာ၅ရက်က ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ကျွန်းရွှေဝါ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးသန်းထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လှိုင်နှင့် ရပ်ကွက်ဥက္ကဋ္ဌဦးကျော်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

(မြို့နယ်ပြန်/ဆက်)



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်နှင့်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံ‌ဧည့်ခံခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**ရန်ကုန် ဒီဇင်ဘာ ၇**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ်နှင့်အဖွဲ့ဝင်များအား ယနေ့ည၇နာရီ၁၅မိနစ်တွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ ဧည့်ခံခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**တက်ရောက်**

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆွန်ဆာဗက်လင်ဆာဗတ်နှင့်အဖွဲ့ဝင်များနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်သာဗီဘိုဒီဆိန်းတို့ တက်ရောက်ကြသည်။

**ဖျော်ဖြေ**

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း အနုပညာရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသံသာများဖြင့်လည်းကောင်း၊ ညစာသုံးဆောင်အပြီးတွင် သဘင်ဆောင်၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အကတို့ဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေကြသည်။

ဧည့်ခံဖျော်ဖြေပွဲအပြီးတွင် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်က ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ပြီး အနုပညာရှင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ **(သတင်းစဉ်)**

### ❒ ကျောဖုံးမှ

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘောင်ညံဗိုရာချစ်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆွမ်ဆာဗက်လင်ဆာဗတ်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်သာဗီဘိုဒီဆိန်းတို့လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

## အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၇**

အထက(၁) သဃ်န်းကျွန်း၏ ရွှေရတုပွဲတော်ကို ဒီဇင်ဘာ ၂၄ရက် နံနက် ၈နာရီမှစတင်၍ ကျောင်းရှေ့မုခ်ဦး၌ အခမ်းအနားဖြင့် ဖွင့်လှစ်ပြီး ညနေ ၆နာရီအထိ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပွဲများ၊ ဈေးရောင်းပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည် ဖြစ်သည်။ ရွှေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ရက် နံနက် ၈နာရီတွင် ယင်းကျောင်း ခန်းမ၌ကျင်းပမည်ဖြစ်ရာ နှစ်(၅၀) အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် (၆၀) နှင့် အထက် အငြိမ်းစားဆရာဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများ အားလုံး တက်ရောက်ကြရန်နှင့် အထက(၁) ကျောင်းအုပ်ဆရာကြီး ဦးသိန်း ဖုန်း- ၅၆၅၉၆၆ သို့ ဆက်သွယ် စုံစမ်းနိုင်ကြကြောင်း သိရသည်။ **(က-ပ)**



**၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာဆန်စပါးနှစ် အထိမ်းအမှတ် စာစီစာကုံး၊ ဉာဏ်စမ်းပဟေဠိ၊ ဆောင်းပါးနှင့်ပိုစတာပြိုင်ပွဲ(နိုင်ငံတော်အဆင့်)ရန်ကုန်တိုင်းမှ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၆ရက်ကကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ပိုစတာအဆင့်(၂) ပြိုင်ပွဲ ဒုတိယဆုရ မအေးမြတ်သူအား ဆုချီးမြှင့်စဉ်။**

(က-ပ)

## တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲစတင်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၇**

၂၀၀၄ခုနှစ် (၄၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲကို ယနေ့ညနေ၃နာရီခွဲတွင် ရန်ကုန်ရှိ သတ်မှတ်ထားသော ဘောလုံးကွင်းများ၌ စတင်ကျင်းပသည်။

ပြိုင်ပွဲ၏(ကက)အုပ်စုပြိုင်ပွဲ တိုင်းစစ်ဌာနချုပ်အားကစားကွင်း(မင်္ဂလာဒုံ)၌ကျင်းပသောပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းက အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ ယင်းအုပ်စုမှ ပဒုမ္မာဘောလုံးကွင်း၌ကျင်းပသောပြိုင်ပွဲတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။ **(သတင်းစဉ်)**



**အထက(၄) စမ်းချောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ရက်က အဆိုပါကျောင်း တော်ဝင်ခန်းမ၌ကျင်းပရာ အပူဇော်ခံ ဆရာဆရာမကြီးများထံ ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့စဉ်။** (က-ပ)

## စာအုပ်ဈေးပွဲတော် ဆက်လက်ဖွင့်လှစ်ရောင်းချ

**ရန်ကုန် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူးကျင်းပသော ၁၃၆၆ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် စာအုပ်ဈေးပွဲတော်ကို ပဋ္ဌမနေ့အဖြစ် ယနေ့နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်-ကုန်သွယ်မှုဗဟိုဌာန၌ ဆက်လက်ဖွင့်လှစ်ပြသရောင်းချပေးလျက်ရှိရာ စာပေကိုချစ်မြတ်နိုးကြသော ရဟန်းရှင်လူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

စာအုပ်ဈေးပွဲတော်တွင်စာပေတိုက် ၄၈တိုက်တို့က ဆိုင်ခန်းပေါင်း ၇၆ခန်း ဖွင့်လှစ်၍ သုတ၊ ရသစာအုပ်မျိုးစုံကိုခင်းကျင်းပြသရောင်းချပေးလျက်ရှိရာ စာပေချစ်မြတ်နိုးသူ ပြည်သူ၇၀၀၀ကျော်လာရောက်ကြည့်ရှု လေ့လာဝယ်ယူကြပြီး ယနေ့စာအုပ်ရောင်းရငွေ စုစုပေါင်းမှာ ငွေကျပ် ၂၁သိန်းကျော် ဖြစ်သည်။ **(သတင်းစဉ်)**



**ကြိုဆို**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိလာသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုစဉ်။**

(သတင်းစဉ်)

*✱ ကျောဖုံးမှ*

### ခင်မင်ရင်းနှီးစွာကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်နှင့်အဖွဲ့ဝင်များအား သယ်ဆောင်ပျံသန်းလာသော အထူးလေယာဉ်သည် နံနက် ၉ နာရီ မိနစ် ၅၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

### ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းခံယူ

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခန်းမဆောင် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသီချင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းတို့ကို တီးမှုတ်သည်။

### ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဧည့်သည်တော်ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူလိုက်ပါလာသည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံးမှ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဧည့်သည်တော်ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်နှင့်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ဟိုတယ်သို့ မော်တော်ယာဉ်များဖြင့်ထွက်ခွာကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**





# ပထမအကြိမ်ငါးနိုင်ငံ ကုန်စည်ပြပွဲ-၂၀၀၄ လာရောက်ကြည့်ရှုသူများဖြင့်အထူးစည်ကား

**ရန်ကုန် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့ပါဝင်သည့် ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ-၂၀၀၄ကို နောက်ဆုံးနေ့အဖြစ် ယနေ့နံနက်ပိုင်းမှ စတင်၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်း စင်တာ၌ကျင်းပရာ လာရောက်ကြည့်ရှုလေ့လာကြသူများဖြင့် အထူးစည်ကားသည်။

ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ-၂၀၀၄ တွင် ဝန်ကြီးဌာနရှစ်ခု၊ ပြည်တွင်းကုမ္ပဏီ ၁၃၅ခုနှင့် ပြည်ပကုမ္ပဏီ ၂၁ ခု စုစုပေါင်း အဖွဲ့အစည်း ၁၆၃ ခုတို့က ပြခန်းပေါင်း ၁၆၂ ခန်း ဖွင့်လှစ်ပြသရာ ယမန်နေ့က ပြည်သူလူထု ၆၅၀၀၀ခန့်နှင့် ယနေ့နောက်ဆုံးနေ့တွင် ပြည်သူလူထု ၄၀၀၀၀ ကျော် လာရောက် ကြည့်ရှုလေ့လာ ဝယ်ယူကြသည်။

အဆိုပါပြပွဲကို ဒီဇင်ဘာ ၃ ရက်မှ ယနေ့ဒီဇင်ဘာ ၇ ရက်အထိ ငါးရက်တိုင် ဖွင့်လှစ်ပြသခဲ့ရာ ပြပွဲလာပြည်သူများ၏ ဝယ်ယူအားပေးမှုကြောင့် ဒီဇင်ဘာ ၆ ရက်အထိ ရောင်းချရငွေမှာ စုစုပေါင်း ငွေ ၅၅၀၉၂၄၃၂ ကျပ်ဖြစ်သည်။

ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ-၂၀၀၄ကို ဒီဇင်ဘာ ၃ ရက်မှ ဒီဇင်ဘာ ၇ ရက် ယနေ့အထိ ငါးရက်တိုင်ကျင်းပပြီး ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

**(သတင်းစဉ်)**

# ဘောဂဗေဒနှစ်(၈၀)ပြည့်အာစရိယပူဇော်ပွဲ ကျင်းပမည့်နေ့ရက် ပြောင်းလဲသတ်မှတ်

**ရန်ကုန် ဒီဇင်ဘာ ၇**

ဘောဂဗေဒနှစ်(၈၀)ပြည့် အထိမ်းအမှတ် အာစရိယပူဇော်ပွဲ အခမ်းအနားကို ရန်ကုန်စီးပွားရေးတက္ကသိုလ် (ပင်မ) အခန်းအမှတ်(၁၀)တွင် မူလအစီအစဉ်ဖြစ်သည့် ဒီဇင်ဘာ ၁၂ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ကျင်းပမည့်အစား ဒီဇင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီသို့ ရက်ပြောင်းလဲကျင်းပမည်ဟု သိရသည်။ **(က-ပ)**

**ကြိုဆိုနှုတ်ဆက်**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

**အလေးပြုခြင်းခံယူ**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်တို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ ဂုဏ်ပြုခန်းမဆောင် အလေးပြုခံစင်မြင့်၌ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူကြစဉ်။**

(သတင်းစဉ်)



# ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး

## ဦးကျော်ခိုင်(မန္တလေး)

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို နိုင်ငံတကာအဆင့်မီ ကျင်းပနိုင်ရေးအတွက် ရန်ကုန်မြို့ သိရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာတင်ရာ မဟာပါသာဏလိုဏ်ဂူတော်ကြီးကို ခမ်းနားထည်ဝါစွာ ပြုပြင်မွမ်းမံ ပြင်ဆင်လျက်ရှိကြောင်း သတင်းစာများတွင် ဖတ်ရှုကြရသဖြင့် မြန်မာပြည်ရှိ ဗုဒ္ဓဘာသာဝင်များ ဝမ်းပန်းတသာ ကြိုဆိုလျက် ရှိနေကြသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ကျင်းပပြီးစီးသောအခါ ညီလာခံကျင်းပခြင်း၏ ရည်ရွယ်ချက်အကြောင်း ငါးမျိုးနှင့်လျော်သော အကျိုးတရား ငါးမျိုးကို ဗုဒ္ဓဘာသာနိုင်ငံများ ရရှိလာကြမည် ဖြစ်သည်။ ရရှိလာမည့် အကျိုးငါးမျိုးမှာ–

**၁။ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သော နိုင်ငံအချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ထွန်းကားခြင်း၊**

**၂။ ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်မှုနှင့် လိုက်နာကျင့်သုံးမှုတို့ကို ဗုဒ္ဓဘာသာဝင်အချင်းချင်း ထိန်းသိမ်းစောင့်ရှောက်ခြင်း၊**

**၃။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပရိယတ္တိကို အခြေခံသော ဗုဒ္ဓဘာသာ ပညာရေး ထွန်းကားပြန့်ပွားခြင်း၊**

**၄။ ကမ္ဘာ့လူသားထု တစ်ရပ်လုံးအတွက် ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးဖြစ်ထွန်းအကျိုးပြုစေရေးအတွက် ဗုဒ္ဓဘာသာ ရှုထောင့်က ဝိုင်းဝန်းကူညီ ဆောင်ရွက်ခြင်း၊**

**၅။ ဗုဒ္ဓ၏ တရားဓမ္မများ မူရင်းမပျက် နိုင်ငံတကာသို့ ပြန့်ပွားထွန်းကားစေခြင်း** တို့ဖြစ်သည်။

ဤတွင် ဗုဒ္ဓ၏ တရားဓမ္မများဟု ဆိုရာ၌ မြတ်စွာဘုရားသခင် ပါဠိတော်ဖြင့် ဟောကြားထားတော်မူသော ရှစ်သောင်းလေး ထောင်သော ဓမ္မက္ခန္ဓာတို့ပင် ဖြစ်သည်။ ထိုပါဠိတော်များ၏ ဆိုလိုချက် မူရင်းမပျက်စေဘဲ နိုင်ငံတကာသို့ ပြန့်ပွားထွန်းကားစေရန် ရည်ရွယ်ခြင်း ဖြစ်သည်။ တတိယသင်္ဂါယနာတင်ပြီး နောက်ပိုင်း ရဟန္တာအရှင် မြတ်များ တစ်တိုင်းလျှင် ငါးပါးစီခွဲ၍ ကိုးတိုင်းကိုးဌာနသို့ ကြွတော်မူခဲ့ကြသည်။ ထိုကဲ့သို့ ဗုဒ္ဓဘာသာ သာသနာ ပြန့်ပွားထွန်းကားစေရန် သာသနာပြု ကြွရောက် တော်မူစဉ်ကပင် မထေရ်မြတ်တို့သည် ဗုဒ္ဓ၏တရားဓမ္မများကို မူရင်းမပျက် စေဘဲ မိမိတို့ ရောက်ရာ ဒေသရှိ လူမျိုးတို့နားလည်သဘောပေါက်စေရန် ဒေသအလိုက် သုံးစွဲနေကျ ဘာသာစကားများဖြင့် ဟောဖော်ညွှန်ပြသင်ကြားကာ သာသနာ ပြုတော်မူခဲ့ကြ၏။ ထို့ကြောင့်လည်း တိုင်းအနှံ့အပြား ဗုဒ္ဓဘာသာ တရားတော်များ ပျံ့နှံ့တည်တံ့ခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာတော် ရောက်ရှိခဲ့သည်မှာ သရေခေတ္တရာ ပျူခေတ်ကပင် စတင်ခဲ့သည်။ တူးဖော်တွေ့ရှိရသော ပျူအက္ခရာ ရွှေပေလွှာချပ်များက သက်သေသာကေထူလျက်ရှိ၏။ မြန်မာ့သမိုင်း မတင်မီကပင် ဗုဒ္ဓသာသနာ ရောက်ရှိနေသည်ဟု ဆိုနိုင်သည်။ ပုဂံပြည်တွင် အနော်ရထာမင်း နန်းတက်ပြီး ကိုးနှစ်အကြာ၌ ရှင်အရဟံမထေရ်မြတ် ပုဂံပြည်သို့ ကြွလာသည်။ ဤအကြောင်းကို ကဝိလက္ခဏာ သတ်ပုံကျမ်း၌ "နော်ရထာ့ကံ၊ အရဟံ၊ ခုန်ပျံကျလှာဝဲ"ဟု စပ်ဆိုထားသည်။ အနော်ရထာမင်းသည် သာသနာတော်ကို လက်မွန်မဆွ ချီးမြှောက်ထိုက်သော ဘုန်းကံရှိရကား ရှင်အရဟံ ရဟန္တာမြတ်သည် ကောင်းကင်မှ ကျလာဘိ၏သို့ သထုံပြည်မှပုဂံ ပြည်သို့ဆိုက်ရောက်လာသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ရှင်အရဟံ၏ညွှန်ပြချက် အရ သထုံမြို့မှ ပိဋကတ်တော်များ ပုဂံမြို့သို့ရောက်လာသည်။ ရှင်အရဟံ၏ အဆုံးအမ၊ အနော်ရထာမင်းမြတ်၏ ဦးဆောင်မှုနှင့်အညီ မြတ်ဗုဒ္ဓအဆုံးအမကို အလေးအနက်ထား၍ ယုံကြည် ကိုးကွယ်ခဲ့ကြသည်။ မင်းနှင့်ပြည်သူ ထက်သန်သော သဒ္ဓါတရားဖြင့် ကိုးကွယ်ဆည်းကပ်ခဲ့ရာ သာသနာသုံးရပ် ထွန်းလင်းခဲ့သည်။ ပရိယတ္တိသာသနာ ထွန်းကားခဲ့သောကြောင့် ထေရဝါဒ ဗုဒ္ဓသာသနာသည် မြန်မာနိုင်ငံ၌ အရင်းအမြစ် ခိုင်ခိုင်မာမာ ဖြစ်ထွန်းခဲ့သည်။ ထေရဝါဒဆိုသည်မှာ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သည့် တရားဓမ္မအတိုင်း ပြင်ဆင်ဖြည့်စွက်ခြင်းမရှိ၊ နုတ်ပယ်ခြင်းမရှိ၊ အရှိ အရှိအတိုင်း တိကျစွာ ဆက်လက်ထိန်းသိမ်းထားသော တရားတော်များကို ထေရဝါဒဟုခေါ်သည်။

မြန်မာပြည်တွင် ပုဂံခေတ်မှစ၍ ထွန်းကားခဲ့သော ဗုဒ္ဓသာသနာသည် ခေတ်အဆက်ဆက် စည်ပင်ဝေဆာခဲ့၏။ အနယ်နယ်အရပ်ရပ်တွင် စေတီပုထိုး၊ ဘုရား၊ ကျောင်းကန်တို့ကို တည်ထားကိုးကွယ်ခဲ့ကြသည်။ ကမ္ဘာ့အကြီးမားဆုံးစာအုပ်ကြီးဟု အသိအမှတ်ပြုထားသော ပိဋကတ်သုံးပုံကို ကျောက်ထက်အက္ခရာ သွင်း၍ ရတနာပုံခေတ်မန္တလေးတွင် ရေးထိုးခဲ့သည်။ ရတနာပုံခေတ် မန္တလေးတွင် မင်းတုန်းမင်းလက်ထက်၌ ပဉ္စမသင်္ဂါယနာတင်နိုင်ခဲ့၏။ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင်လည်း ဆဋ္ဌသင်္ဂါယနာတင်ခဲ့သည်။ "ကမ္ဘာ့စံချိန်"စာအုပ်တွင် မြန်မာပြည်မှ ပိဋကတ်သုံးပုံအာဂုံပြန်ဆိုနိုင်သော ရဟန်း၊ သံဃာတော်များကို "ကွန်ပျူတာလူသား"ဟု ဂုဏ်ပြုပူဇော်ခဲ့ကြ၏။ ယနေ့အထိ ပိဋကတ်သုံးပုံ အာဂုံဆောင် ရဟန်းအာဇာနည် အရှင်သူမြတ် ၁၁ပါးအထိပင် ပေါ်ထွန်းခဲ့သည်။ မြန်မာနိုင်ငံသည် ဘာသာရေး အစဉ်အလာကြီးသော နိုင်ငံဖြစ်ပြီး မြန်မာ့ရွှေမြေဝယ် ဗုဒ္ဓသာသနာတော်သည် နေလိုလလို ထွန်းလင်းခဲ့သည်။

သာသနာတော်၏ မူလပရိယတ္တိ စာပေလေ့လာမှု တွင် မြန်မာနိုင်ငံကဲ့သို့ အပြည့်အစုံ လေ့လာသင်ကြားနိုင်သော တိုင်းပြည်နိုင်ငံ မရှိဟုပင် ဆိုနိုင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာ ပင်မရေစီးမြစ်ဖျားသဖွယ် ဖြစ်သည်။ သို့ဖြစ်၍ ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာနိုင်ငံများ အားလုံးအနက် မြန်မာနိုင်ငံသည် မူရင်းအကျဆုံးနှင့် အပြည့်စုံဆုံးသော ဗုဒ္ဓစာပေ ကျမ်းဂန်များကို လက်ဝယ်ထိန်းသိမ်းထားနိုင်ခဲ့သည့် တစ်ခုတည်းသော နိုင်ငံအဖြစ် ထည်ဝါစွာ တည်ရှိခဲ့သည်။

**မြန်မာနိုင်ငံ၌ ပိဋကတ်စာပေ သင်ကြားပို့ချနေသော စာသင်တိုက်ကြီးများ၊ ဓမ္မာစရိယ တက္ကသိုလ်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ ကျင့်ကြံအားထုတ် တရားလုပ်ဆောင်နေကြသည့် ဓမ္မရိပ်သာကြီးများသည် မြန်မာ့သာသနာအတွက် ဂုဏ်ယူဖွယ်ပင်** ဖြစ်သည်။ ရွှေစေတီပုထိုး၊ ဘုရား၊ ကျောင်းကန်၊ ဇရပ်၊ တန်ဆောင်းများကလည်း မြန်မာတို့၏ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ထူးကို ဖော်ကျူးလျက်ရှိသည်။ ကြည့်ရှုလေ့လာ ပွားများအားထုတ်သူတို့၏ နှလုံးသားတွင် သဒ္ဓါတရားများ တိုးပွားစည်ပင် ကြည်ညိုလျက် ရှိနေကြရသည်။

သို့ပါ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ **"ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး"** ကို ရန်ကုန်မြို့ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပတော့မည်ဖြစ်ရာ ညီလာခံကြီး ချောမောအောင်မြင်စွာ ကျင်းပပြီးမြောက်ပါစေ၊ ညီလာခံကြီး၏ ရည်ရွယ်ချက်အားလုံး အောင်မြင်ပါစေ၊ ဗုဒ္ဓဘာသာ ကမ္ဘာအနှံ့ ပြန့်ပွားတည်တံ့ပါစေဟု ဆုတောင်းပတ္ထနာ ပြုရပါတော့သည်။

**ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။ ။**

မြန်မာနိုင်ငံ၌ ပိဋကတ်စာပေ သင်ကြားပို့ချနေသော စာသင်တိုက်ကြီးများ၊ ဓမ္မာစရိယ တက္ကသိုလ်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ ကျင့်ကြံ အားထုတ် တရားလုပ်ဆောင်နေကြသည့် ဓမ္မရိပ်သာကြီးများသည်မြန်မာ့သာသနာအတွက်ဂုဏ်ယူဖွယ်ပင်။



နိုဝင်ဘာ ၂၃ရက်က လှိုင်သာယာမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၁၂)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ကို အပြင်ပဒံ ကျေးရွာအုပ်စု ကမ်းပြိုဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်က ကမ်းပြိုကျောင်းဆရာတော်အား ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (၁၈၀)

## ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာသင်တန်း

ရန်ကုန် ဒီဇင်ဘာ ၇

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေ (ဒလ–အံ့ကြီး)က ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာတရားတော်များကို ဒီဇင်ဘာ ၉ရက်မှ ၁၅ရက်အထိ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော်ကြီးတွင် ညနေ ၆နာရီမှ ၇နာရီခွဲအထိ လည်းကောင်း၊ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ကျန်းမာရေးဦးစီးဌာနရုံးချုပ်ရှေ့ ပညာရာမိက(အေ)တိုက်ရှိ ရတနာရံသီ ဓမ္မာရုံတွင် ဒီဇင်ဘာ ၁၆ ရက်မှ ၂၂ရက်အထိ ညနေ ၆နာရီခွဲမှ ၈နာရီအထိလည်းကောင်း၊ ခုနစ်ရက်အချိန်ပြည့် တရားစခန်းကို အံ့ကြီးရှေ့ရပ်ကွက်ရှိ ဓမ္မရသရိပ်သာကြီးတွင် ဒီဇင်ဘာ ၂၄ရက်ညနေပိုင်းမှ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းအထိ ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ **(က–ပ)**



နိုဝင်ဘာ ၂၆ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အနေ့ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ (၁၄)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတွင် မြို့နယ်အနေ့ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ဥက္ကဋ္ဌဦးမြစိုးနှင့်အဖွဲ့ဝင်များ၊ ဂိတ်မှူးများက ဆရာတော်သံဃာတော်များအား ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ဒီဇင်ဘာ၆ ရက်က ရန်ကုန်တိုင်းတိုင်းရင်းဆေးဆရာအသင်းမှ ကြီးမှူးကျင်းပသော ပထမအကြိမ် တိုင်းရင်းဆေးဆရာကြီးများ ပူဇော်ကန်တော့ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီးတွင် ကျင်းပရာ ဧည့်သည်တော်များနှင့်တိုင်းရင်းဆေးဆရာ အသင်းဝင်များက ဆရာကြီးများအားပူဇော်ကန်တော့ကြစဉ်။ (က–ပ)

## ဟိုတယ်အဆင့်အတန်းနှင့်အညီ အိပ်ခန်းများ အဆင့်မြင့် မွမ်းမံပြင်ဆင် ဝန်ဆောင်မှုအထူးကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေး စီမံဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၇

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့တွင်းရှိ ဟိုတယ်များကို ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် ကမ္ဘာအေးစေတီလမ်းရှိ Dusit Inya Lake Hotelသို့ ရောက်ရှိကြရာ အထွေထွေမန်နေဂျာ Mr.Eduard Hoogeweegenက ဟိုတယ် အတွင်းရှိ အထူးအိပ်ခန်း၊ နားနေခန်းနှင့် စားသောက်ခန်းတို့ကို ရှင်းလင်းပြသပြီး ပြင်ဆင်မွမ်းမံမှုပြုလုပ်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကမ္ဘာအေးစေတီလမ်းရှိ Sedona Hotel သို့ ရောက်ရှိပြီး ဟိုတယ်အတွင်းရှိအခန်းများကိုကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာ Mr. Saman Sarathchandra က ရှင်းလင်းပြသသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကန်တော်ကြီး ကန်ရိပ်သာလမ်းရှိ Kandawgyi Palace Hotel သို့ရောက်ရှိရာ အုပ်ချုပ်မှုဒါရိုက်တာ ဦးရောဘတ်သိန်းဖေနှင့် အထွေထွေမန်နေဂျာ Mr. Jehan တို့က ဟိုတယ်အတွင်းရှိ အခန်းများနှင့် ဟိုတယ်အတွင်း ပြုပြင်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းပြသကြသည်။

ယင်းနောက်ဝန်ကြီးနှင့်အဖွဲ့သည် နတ်မောက်လမ်းရှိ Hotel Nikko Royal Lakeသို့ရောက်ရှိပြီး ဟိုတယ်အတွင်းရှိ အိပ်ခန်းများနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်တို့ကို ကြည့်ရှုစစ်ဆေးပြီး အထွေထွေမန်နေဂျာ Mr.Kondo က ရှင်းလင်းတင်ပြသည်။

ဟိုတယ်များကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ကြီးက ဟိုတယ်အဆင့်အတန်းနှင့်အညီ အိပ်ခန်းများ အဆင့်မြင့် မွမ်းမံပြင်ဆင်ထားရေး၊ ဝန်ဆောင်မှုအထူးကောင်းမွန်ရေး၊ ဟိုတယ်အတွင်းအပြင် သန့်ရှင်းသာယာလှပ ရေးတို့ကို စီမံဆောင်ရွက်ထားကြရန် မှာကြားသည်။ **(သတင်းစဉ်)**



# ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီး မိတ္ထီလာ–မန္တလေးလမ်းပိုင်း ခြောက်လမ်းသွားလမ်းတိုးချဲ့ဖောက်လုပ်ပြီးစီးမှု ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၇

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုဝင်ဘာ၃၀ရက် နံနက်၈နာရီက မကွေးတိုင်း နတ်မောက်မြို့နယ် ကျောက်တံခါးရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။**

ရေလှောင်တမံဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ နံနက် ၁၁နာရီခွဲတွင် မိတ္ထီလာ–မန္တလေးလမ်းပိုင်း မိုင်တိုင်အမှတ်၃၅၀(Toll Gate) အနီးရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

## မှာကြား

ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား စခန်းတာဝန်ခံ ဦးမိုးတူက ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီး မိတ္ထီလာ–မန္တလေးလမ်းပိုင်း၌ ခြောက်လမ်းသွားလမ်းအဖြစ် တိုးချဲ့ဖောက်လုပ်ပြီးစီးမှု၊ လက်ညှိုးထိုးမှ မြစ်ငယ်အထိ လမ်းပိုင်းကို ဒွေးလမ်းအဖြစ် ဖောက်လုပ်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ယုဇနဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ စီမံကိန်းမန်နေဂျာ ဦးအောင်ဝမ်းက မိတ္ထီလာ မြို့ရှောင်လမ်း၊ ပျဉ်သာ–ကန်တောင်လမ်းပိုင်းတွင် ပေ၅၀အကျယ် မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ လမ်းများပြီးစီးရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်–မန္တလေးလမ်းမကြီး မိတ္ထီလာ–ကျောက်ဆည်လမ်းပိုင်း အခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုပြီး တံတားဦးမြို့နယ်ရှိ ကင်းတား လက်ဝဲမြောင်းမကြီး မြောင်းခွဲအမှတ်(၃၀)သို့ မွန်းလွဲ၁နာရီ၄၅မိနစ်တွင် ရောက်ရှိကြသည်။ ကင်းတားဆည်ရေဝင် လက်တံမြောင်းများကို သစ်တက်ကုန်းဆည်မှ ဆည်ရေဖြင့် အစားထိုးဖြန့်ဝေနေမှုကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၇)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းထွဋ်က သစ်တက်ကုန်း တိုးချဲ့တူးမြောင်းများ ဖောက်လုပ်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။



## ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပလ္လင်တောင်လျှပ်စစ်မြစ်ရေတင်စခန်းသို့ ရောက်ရှိကြပြီး ပလ္လင်တောင်လျှပ်စစ်မြစ်ရေတင်မှ ရေပို့လွှတ်နေမှုကို သစ်တက်ကုန်းဆည်ရေဖြင့် အစားထိုးပို့လွှတ်နေမှုကို ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်း ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးသိန်းက လိုက်လံရှင်းလင်းတင်ပြသည်။



ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီး မိတ္ထီလာ–မန္တလေး လမ်းပိုင်း၌ ခြောက်လမ်းသွားလမ်းအဖြစ် ဖောက်လုပ်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပလ္လင်တောင်လျှပ်စစ်မြစ်ရေတင်မြောင်းတစ်လျှောက်သစ်တက်ကုန်းဆည်ရေဖြင့် အစားထိုးရေပေးဝေရုံသာမက တိုးချဲ့ရေပေးဝေရေး၊ မြောင်းများတိမ်ကောမှုမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကင်းတားဆည် လက်တံမြောင်း အမှတ် (၃၀)၊ မြောင်းခွဲအမှတ်(၁၁)နှင့်(၁၂)အကြားသို့ ရောက်ရှိကြပြီး ကင်းတားဆည်လက်တံမြောင်းအမှတ်(၃၀)ကို သစ်တက်ကုန်းဆည်ရေပို့လွှတ်နိုင်ရေးအတွက် စက်ယန္တရားများဖြင့် မြောင်းပြုပြင်နေမှု၊ရေပို့လွှတ်နေမှုများကိုကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်အနီး ခရိုင်ချင်းဆက်လမ်း၊ ငါးဇင်ရိုင်းနှင့် စကားအင်းအဝိုင်းလမ်းဆုံရှိ သစ်တက်ကုန်းမြောင်းမကြီးသို့ ရောက်ရှိကြပြီး မန္တလေးစက်မှုဇုန် UD Group မှ မြင်းကောင်ရေ (၂၂)ကောင်အားရှိ ဒီဇယ်ဆီသုံး အင်ဂျင်များကို CNG ဓာတ်ငွေ့သုံးအင်ဂျင်များအဖြစ် ပြောင်းလဲ၍ ရေစုပ်စက်အဖြစ် သုံးစွဲနေမှုကိုကြည့်ရှုစစ်ဆေးပြီး**(အောက်ပုံ)**လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် သစ်တက်ကုန်းတူးမြောင်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး တံတားဦးမြို့နယ် သူငယ်တော်ကန်သို့ ရောက်ရှိ၍ သစ်တက်ကုန်းဆည်ရေကို သူငယ်တော်ကန်သို့ သွယ်ယူမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် သူငယ်တော်ကန်ရှိ ယာယီရှင်းလင်းဆောင်သို့ရောက်ရှိပြီး တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်နှင့် မန္တလေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးသိန်းတို့က သူငယ်တော်ကန် အတွင်းသို့ ရေပေးသွင်းမှု၊ သူငယ်တော်ကန်မှ စိုက်ပျိုးမြေများသို့ ရေပေးဝေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သူငယ်တော်ကန်ရေသောက်ဧရိယာအား တိုးချဲ့ရေပေးဝေရန်၊ ရေပေးမြောင်းတူးဖော်ပြီး ရေလိုအပ်သည့် နေရာများသို့ပို့နိုင်ရေး၊ စိုက်ဧကတိုးချဲ့ရေးအတွက် ဆောင်ရွက်ရန် မှာကြားသည်။

## တိုးချဲ့ပေးဝေ

ယခင်က သူငယ်တော်ကန်မှ ဂျုံဧက ၅၀၊ ဆီထွက်သီးနှံဧက၂၀၊ ပဲမျိုးစုံဧက၂၀၀အပါအဝင် စိုက်ပျိုးမြေဧက၃၀၀သို့ စိုက်ပျိုးရေပေးဝေလျက်ရှိပြီး ယခုအခါ သစ်တက်ကုန်းဆည်ရေဖြင့် မိုးစပါး ၁၇၀၈ဧက၊ ဆီထွက်သီးနှံ ၁၂၈၈ဧက၊ ပဲမျိုးစုံ ၃၁၃၇ဧက၊ ဂျုံ၂၉၇ဧက အပါအဝင် စိုက်ပျိုးမြေ ၈၁၀၈ဧကသို့ စိုက်ပျိုးရေတိုးချဲ့ပေးဝေရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



# စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဆင်း

**ရန်ကုန် ဒီဇင်ဘာ ၇**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး(အင်းစိန်)၏ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း(၃/၂၀၀၄) ဆင်းပွဲကို နိုဝင်ဘာ၃၀ရက်က အဆိုပါရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမြတ်သူ၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဆွေအောင်နှင့်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအုန်းခိုင်တို့က အမှာစကားများပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ကြသည်။

## လှူဒါန်း

ထို့နောက် စာကြည့်တိုက်သို့ ငွေကျပ် ကိုးသောင်းကျော် တန်ဖိုးရှိ စာအုပ်များကိုအလှူရှင်များက ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ခရိုင် ပြန်/ဆက်)**

## အမှာစကားပြော

**မင်္ဂလာတောင်ညွန့်မြို့နယ်၏ ၂၀၀၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၄ ရက်က ရန်ကုန်မြို့ အထက်ပန်းဆိုးတန်းလမ်းရှိ ရောဂါရှာဖွေကုသရေးဌာနရုံးခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို အမှာစကားပြောကြားစဉ်။** (၂၅၉)



# သုတေသနဖွံ့ဖြိုးရေးလုပ်ငန်း စနစ်တကျဆောင်ရွက် လိုအပ်သည့်စက်ပစ္စည်းများ ဖြည့်တင်းပေး

**ရန်ကုန် ဒီဇင်ဘာ ၇**

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ၄ရက် နံနက်၁၀နာရီက ပဲခူးတိုင်း အင်းတကော် ဒေသရှိ အမှတ် (၂)စက်မှုဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေသို့ ရောက်ရှိပြီး အုပ်ချုပ်မှုအဆောက်အအုံများ ဆောက်လုပ်မည့်နေရာများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက်အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ သုတေသနနှင့် ဖွံ့ဖြိုးရေးအဆောက်အအုံတည်ဆောက်မှုကိုကြည့်ရှုစစ်ဆေးရာ မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်နှင့် မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွန်းတို့က ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကို စနစ်တကျဆောင်ရွက်နိုင်ရန် စက်ပစ္စည်းများ တပ်ဆင်ရေး၊ လိုအပ်သည့်စက်ပစ္စည်းများကို ဖြည့်တင်းရေး၊ နောင်တွင် သုတေသန ဗဟိုဌာနတစ်ခုဖြစ်လာစေရန် ဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်း၏ လျှပ်စစ်မော်တာအလုပ်ရုံနှင့် မော်တော်ယာဉ်သုံးလျှပ်စစ်ပစ္စည်းအလုပ်ရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**

# အာဆီယံတိုက်ဂါးဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ စတင်ယှဉ်ပြိုင်

**သတင်းဆောင်းပါး – ကိုထွေး**

**ရန်ကုန် ဒီဇင်ဘာ ၇**

(၅)ကြိမ်မြောက် အာဆီယံ တိုက်ဂါးဖလား(Tiger Cup)ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဒီဇင်ဘာ ၇ရက်မှ စတင်၍ကျင်းပလျက်ရှိသည်။ အာဆီယံ တိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲကို ၁၉၉၆ခုနှစ်မှစတင်၍ နှစ်နှစ်လျှင် တစ်ကြိမ်ကျင်းပလာခဲ့ခြင်းဖြစ်သည်။ အာဆီယံတိုက်ဂါးဖလား (Tiger Cup) ဘောလုံးပြိုင်ပွဲတွင် အာဆီယံနိုင်ငံများမှ အမျိုးသားလက်ရွေးစင်အသင်းများ ပါဝင်ယှဉ်ပြိုင်ကြသည်ဖြစ်ရာ အရှေ့တောင်အာရှဒေသတွင်း၌ အဆင့်အတန်းအမြင့်ဆုံး ဘောလုံးပြိုင်ပွဲကြီးဖြစ်သည်။ (၅)ကြိမ်မြောက် အာဆီယံတိုက်ဂါးဖလား (Tiger Cup) ဘောလုံးပြိုင်ပွဲတွင် ဘရူနိုင်းမပါဝင်သော်လည်း အရှေ့တီမောပါဝင်လာ၍ ၁၀သင်း ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

(၅)ကြိမ်မြောက် အာဆီယံ တိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံတွင် အုပ်စု(က)ပွဲစဉ်များ ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ အိမ်ရှင်ဗီယက်နမ်နှင့်အတူ စင်ကာပူ၊ အင်ဒိုနီးရှား၊ လာအိုနှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်ကြသည်။ မလေးရှားနိုင်ငံတွင် အုပ်စု(ခ) ပွဲစဉ်များ ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ အိမ်ရှင် မလေးရှားနှင့်အတူ မြန်မာ၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် အရှေ့တီမောအသင်းတို့ ပါဝင်ကြသည်။

အုပ်စုပွဲစဉ်များ ရေးဆွဲထားမှုအရ ဒီဇင်ဘာ၇ရက် (အဖွင့်ပွဲစဉ်)တွင် စင်ကာပူနှင့်ဗီယက်နမ်တို့ပွဲမှာတစ်ဂိုးစီ သရေပွဲ ဖြစ်သွားပြီး လာအိုနှင့် အင်ဒိုနီးရှားတို့ ယှဉ်ပြိုင်ကစားရာ အင်ဒိုနီးရှားက လာအိုကို ခြောက်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ဒီဇင်ဘာ ၈ရက်တွင် ဖိလစ်ပိုင်နှင့်မြန်မာ၊ အရှေ့တီမောနှင့် မလေးရှား၊ ဒီဇင်ဘာ၉ ရက်တွင် ကမ္ဘောဒီးယားနှင့် ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့်စင်ကာပူ၊ ဒီဇင်ဘာ၁၀ ရက်တွင် ထိုင်းနှင့်မြန်မာ၊ မလေးရှားနှင့် ဖိလစ်ပိုင်၊ ဒီဇင်ဘာ ၁၁ ရက်တွင် ဗီယက်နမ်နှင့် အင်ဒိုနီးရှား၊ လာအိုနှင့် ကမ္ဘောဒီးယား၊ ဒီဇင်ဘာ ၁၂ရက်တွင် အရှေ့တီမောနှင့် ထိုင်း၊ မလေးရှားနှင့် မြန်မာ၊ ဒီဇင်ဘာ ၁၃ရက်တွင် စင်ကာပူနှင့် လာအို၊ အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယား၊ ဒီဇင်ဘာ၁၄ရက်တွင် ဖိလစ်ပိုင်နှင့် အရှေ့တီမော၊ မလေးရှားနှင့် ထိုင်း၊ ဒီဇင်ဘာ၁၅ ရက်တွင် ဗီယက်နမ်နှင့် လာအို၊ ကမ္ဘောဒီးယားနှင့် စင်ကာပူ၊ ဒီဇင်ဘာ၁၆ရက်တွင် မြန်မာနှင့် အရှေ့တီမော၊ ထိုင်းနှင့် ဖိလစ်ပိုင်တို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

## အိမ်ကွင်း၊ အဝေးကွင်း

အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲစဉ်များကို အိမ်ကွင်း၊ အဝေးကွင်း အပြန်အလှန်ကစားသောစနစ်ကို ကျင့်သုံးမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲစဉ်များကို ဒီဇင်ဘာ၂၉ရက်နှင့် ၃၀ရက်တွင် ပထမအကျော့အဖြစ်လည်းကောင်း၊ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၂ရက်နှင့်၃ရက်တို့တွင် ဒုတိယအကျော့အဖြစ်လည်းကောင်း ကစားရမည်ဖြစ်သည်။ နောက်ဆုံးဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်ကို ၂၀၀၅ခုနှစ် ဇန်နဝါရီ၈ရက်တွင်လည်းကောင်း၊ ဒုတိယအကျော့ပွဲစဉ်ကို ၂၀၀၅ခုနှစ် ဇန်နဝါရီ၁၅ရက်တွင်လည်းကောင်း ဗိုလ်လုပွဲ တက်သောအသင်းများ၏ မြေ၌ အပြန်အလှန်ကစားရမည်ဖြစ်သည်။ တတိယနေရာလုပွဲကို ၂၀၀၅ခုနှစ် ဇန်နဝါရီ၁၅ရက်၌ တစ်ပွဲတည်းဖြင့် အဆုံးအဖြတ်ယူမည်ဖြစ်သည်။

## ဗိုလ်စွဲထား

ပထမအကြိမ် အာဆီယံတိုက်ဂါးဖလား(Tiger Cup)ဘောလုံးပြိုင်ပွဲကို စင်ကာပူနိုင်ငံ၌ကျင်းပခဲ့ရာ နောက်ဆုံးဗိုလ်လုပွဲတွင် ထိုင်းအသင်းက မလေးရှားအသင်းကို ပွဲစပြီး ၉မိနစ်အကြာတွင် ကိုင်တီဆက် သွင်းယူသော တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရပြီး ဗိုလ်စွဲခဲ့သည်။

ဒုတိယအကြိမ်အာဆီယံတိုက်ဂါးဖလား (Tiger Cup)ဘောလုံးပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့ရာ စင်ကာပူအသင်းက အိမ်ရှင်ဗီယက်နမ်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဗိုလ်စွဲခဲ့သည်။

တတိယအကြိမ်အာဆီယံတိုက်ဂါးဖလား(Tiger Cup) ဘောလုံးပြိုင်ပွဲကို ထိုင်းနိုင်ငံ၌ ကျင်းပခဲ့ရာ အိမ်ရှင်ထိုင်းအသင်းက အင်ဒိုနီးရှားအသင်းကို လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့သည်။

စတုတ္ထအကြိမ်အာဆီယံတိုက်ဂါးဖလား (Tiger Cup) ဘောလုံးပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့ရာ ထိုင်းအသင်းက အိမ်ရှင်အင်ဒိုနီးရှားအသင်းကို ပယ်နယ်တီ၌ လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့သည်။

## မြန်မာအသင်း

(၅)ကြိမ်မြောက် အာဆီယံတိုက်ဂါးဖလား (Tiger˚Cup)ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် ပြိုင်ပွဲအကြို နိုင်ငံတကာခြေစမ်းပွဲများ ကစားရန် စင်ကာပူနိုင်ငံသို့ နိုဝင်ဘာ ၂၅ ရက်က ကြိုတင်ထွက်ခွာသွားခဲ့သည်။ မြန်မာအသင်းသည် စင်ကာပူနိုင်ငံ၌ ရှိနေစဉ်အတွင်း စင်ကာပူလက်ရွေး စင်အသင်း၊ ဟောင်ကောင်လက်ရွေးစင်အသင်းတို့နှင့် သုံးပွင့်ဆိုင်ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။

နိုဝင်ဘာ ၂၇ရက်က မြန်မာအသင်းနှင့် အိမ်ရှင်စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားရာ စင်ကာပူအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ဒီဇင်ဘာ ၂ရက်တွင် ဟောင်ကောင်အသင်းနှင့်မြန်မာအသင်းတို့ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲ ဖြစ်ခဲ့သည်။ မြန်မာအသင်းအတွက် တိုက်စစ်မှူးရန်ပိုင်က နှစ်ဂိုးသွင်းယူပေးသည်။ မြန်မာအသင်းသည် နိုဝင်ဘာ ၂၉ရက်က ကြားပွဲအဖြစ် စင်ကာပူနိုင်ငံမှ ထိပ်တန်းကလပ်အသင်းဖြစ်သော စင်ကာပူလက်နက်ကိုင်များအသင်းနှင့် ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ မြန်မာအသင်းအတွက် အလယ်တန်းလူ အောင်ကျော်ထွန်းက တစ်ဦးတည်း သုံးဂိုးသွင်းယူခဲ့သည်။

## သူတို့ပါဝင်

(၅)ကြိမ်မြောက် အာဆီယံ တိုက်ဂါးဖလား(Tiger Cup)ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယ အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်ကို၊ အုပ်ချုပ်သူအဖြစ် ဦးခင်မောင်ကြိုင် (ဘဏ္ဍာ/အခွန်)၊ နည်းပြချုပ်အဖြစ် အိုင်ဗင်ကိုလက်ဗ် (ဘူဂေးရီးယား)၊ လက်ထောက်နည်းပြများအဖြစ် ဂျော်ဂျီယက်ဗ်(ဘူဂေးရီးယား)၊ ဦးကြည်လွင် (မြို့တော်စည်ပင်)၊ ဂိုး နည်းပြအဖြစ် ဦးစိုင်းမောင်မောင်ဦး (ရထားပို့ဆောင်ရေး)တို့ လိုက်ပါဆောင်ရွက်ကြမည်ဖြစ်သည်။

အားကစားသမား ၂၂ဦးပါဝင်ရာ **(ဂိုး)** အောင်အောင်ဦး(ဘဏ္ဍာ/အခွန်)၊ ထွန်းထွန်းလင်း(မြို့တော်စည်ပင်)၊ **(နောက်တန်း)** မိုးကျော်သူ၊ စိုးမြတ်မင်း၊ အောင်ကျော်မြင့်၊ ခင်မောင်ထွန်း (ဘဏ္ဍာ/အခွန်)၊ ဇော်ထက်အောင်၊ ကျော်ခိုင်ဝင်း(စွမ်းအင်)၊ ဇော်လင်းထွန်း–၂၊ မင်းသူ(စီးပွား/ကူးသန်း)၊ ဇော်လင်းထွန်း–၁ (ပြည်ထဲရေး)၊ **(အလယ်တန်း)** ဘိုဘိုအောင်၊ မျိုးမင်းထွန်း၊ မာလ(စီးပွား/ကူးသန်း)၊ အောင်ကျော်မိုး၊ ထွန်းထွန်းဝင်း(ဘဏ္ဍာ/အခွန်)၊ အောင်ကျော်ထွန်း(သစ်တောရေးရာ)၊ လာကျဲအိုလွယ်(ဆောက်လုပ်ရေး)၊ ဇော်ဇော်(မြို့တော်စည်ပင်)၊ **(ရှေ့တန်း)**မျိုးလှိုင်ဝင်း၊ ရန်ပိုင် (ဘဏ္ဍာ/အခွန်)နှင့် ဆန်းဒေးသိန်း (ဆောက်လုပ်ရေး)တို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် ဒီဇင်ဘာ ၄ရက်တွင် စင်ကာပူနိုင်ငံမှ တန်ပိုင်းကလပ်အသင်းနှင့်ခြေစမ်းပွဲကစားရာ တစ်ဂိုးစီသရေကျခဲ့သည်။ မလေးရှားနိုင်ငံသို့ ဒီဇင်ဘာ ၅ရက်တွင်ဆက်လက် ထွက်ခွာသွားသည်။ မြန်မာအသင်း သည် ဒီဇင်ဘာ ၈ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်ရာ ပွဲဦးထွက် မျက်နှာပန်းလှနိုင်ဖွယ်ရှိကြောင်း ဖော်ပြရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)



**၂၀၀၂ခုနှစ် စတုတ္ထအကြိမ် အာဆီယံတိုက်ဂါးဖလား (Tiger Cup) ဘောလုံးပြိုင်ပွဲတွင် တိုက်စစ်မှူး ရန်ပိုင်(ဝဲ)နှင့် အင်ဒိုနီးရှား နောက်တန်း လူ(ယာ)တို့အပြိုင်အဆိုင် ခေါင်းခုန်တိုက်နေသည်ကိုတွေ့ရသည်။**
(အင်တာနက်)

# တိုက်ဂါးဖလားဘောလုံးပြိုင်ပွဲ မြန်မာပါဝင်မည့်ပွဲစဉ်များတိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် ဒီဇင်ဘာ ၇

**မလေးရှားနိုင်ငံ ကွာလမ်လာပူမြို့၌ ဒီဇင်ဘာ၇ရက်မှစ၍ ကျင်းပမည့် တိုက်ဂါးဖလားဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းပါဝင်ယှဉ်ပြိုင်မည့် ပွဲစဉ်များကို မြန်မာ့ရုပ်မြင်သံကြားမှတိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ရာ ဒီဇင်ဘာ ၈ရက်တွင် ယှဉ်ပြိုင်ကစားမည့် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း ပွဲစဉ်ကို ညနေ၄နာရီခွဲတွင် စတင်ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။**

(သတင်းစဉ်)

# အာဆီယံတိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲ (က)အုပ်စု အနိုင်အရှုံး

ရန်ကုန် ဒီဇင်ဘာ ၇

| | | |
|---|---|---|
| **အင်ဒိုနီးရှား** | – | **၆ဂိုး။** |
| **လာအို** | – | **ဂိုးမရှိ။** |
| **စင်ကာပူ** | – | **တစ်ဂိုး။** |
| **ဗီယက်နမ်** | – | **တစ်ဂိုး။** |

(မြန်မာ့အလင်း)

# ကမ္ဘာတစ်လွှား အားကစား

## ပရီမီးယားလိဂ်ဂိုးသွင်းကောင်းသူများ

**လန်ဒန် ဒီဇင်ဘာ ၇**

အင်္ဂလိပ် ပရီမီးယားလိဂ်ဘောလုံးပြိုင်ပွဲများ စနေနေ့က ယှဉ်ပြိုင်ကစားပြီး အများဆုံးဂိုးသွင်းနိုင်သူများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

**၁၃ဂိုး** – သီယာရီဟင်နရီ(အာဆင်နယ်)
**၉ဂိုး** – အင်ဒီဂျွန်ဆင်(ခရစ္စတယ်ပဲလေ့စ်)၊ ရောဘတ်ပီရက်(အာဆင်နယ်)
**၇ဂိုး** – မီလန်ဘားရိုးစ်(လီဗာပူး)၊ ခရိတ်ဘယ်လာမီ(နယူးကာဆယ်)
**၆ဂိုး** – ဂျိုးစ်အင်န်တိုနီယိုရေးယက်စ် (အာဆင်နယ်)၊ ဂျင်မီဖလွိုက် (မစ်ဒယ်ဘရော့)၊ အနယ်ကာ(မန်စီးတီး)၊ အာရက်ဘာနီ (ပို့စ်မောက်)၊ ပက်ဒီဆင်(ဘော်လ်တန်)၊ ဂတ်ဂျွန်ဆင်(ချယ်လ်ဆီး)၊ ဂျာမိန်းဒီဖိုး(တော့တင်ဟမ်)၊ ကီဗင်ဒေဗီ(ဘော်လ်တန်)
**၅ဂိုး** – အင်ဒီကိုးလ်(ဖူဟမ်)၊ ပေါလ်ဒစ်ကော့ဗ်(ဘလက်ဘန်း)၊ လူးဝစ် ဘိုယာမော်တီ(ဖူဟမ်)၊ အလန်ရှီးယား(နယူးကာဆယ်)၊ ဖိလစ် (မန်စီးတီး)၊ ရောဘတ်အန်းရှော(ဝက်ဘရွန်းဝှစ်)
**၄ဂိုး** – ဟူကာဘိုင်(နော့ဝှစ်)၊ လီဟန်ဒရီ(အက်စ်တွန်ဗီလာ)၊ မာရက်ဘန့် (အယ်ဗာတန်)၊ ယွန်းဘတ် (အာဆင်နယ်)၊ ဆိုလာနို(အက်စ်တွန်ဗီလာ)၊ ရွှန်နေး(မန်ယူ)၊ နစ္စတယ်ရွိုင်း(မန်ယူ)၊ ဒတ်ဖ် (ချယ်လ်ဆီး)၊ သောမတ်ဂရာဗီဆင်(အယ်ဗာတန်)၊ ပေါစခိုးလ်(မန်ယူ)။

**အမ်အင်အေ၊ရိုက်တာ**

## စီးရီးအေဂိုးသွင်းအကျော်အမော်များ

**မီလန် ဒီဇင်ဘာ ၇**

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲများကို စနေနေ့က ယှဉ်ပြိုင်ကစားအပြီး အများဆုံးဂိုးသွင်းသူများမှာ အောက်ပါအတိုင်းဖြစ်သည်။

**၁၃ဂိုး** – အာဒရီယာနို(အင်တာမီလန်)
**၁၁ဂိုး** – မွန်တဲလ်လာ(အေအက်စ်ရိုးမား)
**၉ဂိုး** – ရှက်ချင်ကို(အေစီမီလန်)
**၈ဂိုး** – ဗီလာရီဘိုဂျင်နော့ဗ်(လက်ချီ)၊
**၇ဂိုး** – မော်ရီအက်စဖိုစီကို(ကာဂရီယာရီ)၊ အယ်ဗာတို(ပါးမား)၊ ဖရန်ဆက်ကိုတော့တီ(အေအက်စ်ရိုးမား
**၆ဂိုး** – အီဘရာဟီမိုဗစ်(ဂျူဗင်းတပ်)။

**အမ်အင်အေ၊ရိုက်တာ**

## စပိန်လာလီဂါတွင် ဘာစီလိုနာအသင်းဦးဆောင်

**စပိန် ဒီဇင်ဘာ ၇**

စပိန် လာလီဂါဘောလုံးပြိုင်ပွဲများကို စပိန်နိုင်ငံ၌ တနင်္ဂနွေနေ့က ကျင်းပခဲ့သည်။

ဂိုးမသွင်းနိုင်ဘဲ အိမ်ပြန်ခဲ့ကြရသည်။ ရီးရဲမက်ဒရစ် တိုက်စစ်မှူးများဖြစ်ကြသော ရော်နယ်ဒို၊ မိုက်ကယ်အိုဝင်၊ ဒေးဗစ်ဘက်ခမ်းတို့၏ ကြိုးပမ်းမှုများသည်လည်း အရာမထင်ဘဲ ဖြစ်ခဲ့ရသည်။



**ယှဉ်ပြိုင်**

**အိုဆာဆူနာ အသင်းမှ ယူနိုင်း အိတ်ပိုစီတို(ဝဲ)နှင့် အက်လက်တီကို အသင်းမှ အင်န် တို နီ ယို လိုပက်တို့ ဘောလုံး ယှဉ်ပြိုင်လုကြစဉ်။**
(ဓာတ်ပုံ– အင်တာနက်)

စပိန်လာလီဂါပြိုင်ပွဲ၌ ဘာစီလိုနာအသင်းသည် ၁၄ပွဲကစား ၁၁ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ၃၅မှတ်ဖြင့် ဇယားထိပ်ဆုံးမှနေ၍ ဦးဆောင်လျက်ရှိသည်။ အခြားအသင်းများကို ကိုးမှတ်ခွာ၍ ချန်ထားခဲ့သည်။

ယခုနှစ် ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းသည် ချန်ပီယံဖြစ်ရန် အလွန်ရေပန်းစားနေသော အသင်းတစ်သင်းဖြစ်သည်။

ဗီလာရီးရဲအသင်းနှင့် နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းတို့သည် ဗီလာရီးရဲ၏ ကွင်းဖြစ်သော အယ်လ်မာဒရီကယ်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာတွင် တစ်သင်းနှင့်တစ်သင်း သူပြိုင်ကိုယ်ပြိုင် ကစားခဲ့ကြသော်လည်း

သို့ရာတွင် ရီးရဲမက်ဒရစ်အသင်းသည် ၁၄ ပွဲကစားရာတွင် ရှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံးဖြင့် ၂၆ မှတ်ရရှိကာ ဘာစီလိုနာအသင်းနောက်မှ လိုက်နေသည်။

### အခြားပွဲစဉ်ရလဒ်များ

**အက်ဖ်စီဆီဗီလ်လာ ၂–၀ ဘီလ်ဘာအို**
**လီဗန်တေး ၀ – ၀ ဂီတာဖေး**
**မာလော့ကာ ၃ – ၂ နူမန်စီယာ**
**ရေစင်းဆန်တင်ဒါ ၂ – ၂ ဒီပို့တီဗို**
**ဇာရာဂိုဇာ ၀ – ၁ အက်စ်ပန်ညို**
**အက်လက်တီကို ၃ – ၂ အိုဆာဆူနာ**

(အင်တာနက်)

# ပခုက္ကူ မြောက်လူးကန်ကျေးရွာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဖွင့် ပညာရေး မတည်ငွေပဒေသာပင်များ ဆက်သွယ်လှူဒါန်းနိုင်

ပခုက္ကူ ဒီဇင်ဘာ ၁

**ပခုက္ကူမြို့နယ် မြောက်လူးကန်ကျေးရွာအမှတ်(၁၃) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဖွင့်ပွဲကို နိုဝင်ဘာ၁၅ရက် နံနက်၉နာရီက အဆိုပါကျေးရွာ ပုဗ္ဗာရုံကျောင်းတိုက်၌ ကျင်းပသည်။**

အခမ်းအနားတွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆိုင်းဘုတ်အား မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တေဇောဘာသက စက်ခလုတ်နှိပ်၍ လည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့် တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်ဦးကျော်တင့်**(ဝဲပုံ)**က ဖဲကြိုးဖြတ်၍ လည်းကောင်း ဖွင့်လှစ်ပေးကြသည်။

**ဆက်သွယ်လှူဒါန်းနိုင်**

အဆိုပါ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ပညာရေးမတည်ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလိုပါက ပခုက္ကူမြို့နယ် မြောက်လူးကန်ကျေးရွာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအုပ် ဆရာတော် ဘဒ္ဒန္တဇောတိက ဖုန်း ၀၆၂-၂၂၃၄၇ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၄၁၃)**



**နိုဝင်ဘာ ၁၀ ရက်က တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ညောင်ကိုင်းတိုက်နယ်ဆေးရုံသွား ကျောက်ချောလမ်းကို ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲမြင့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးကိုကိုနိုင်နှင့် အင်ဂျင်နီယာမှူး ဦးဌေးညွန့်တို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် စည်ပင်)



## ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

# ကျေးရွာစာကြည့်တိုက်များအတွက် ပြင်ဦးလွင်၌ စာအုပ်များလှူဒါန်း

ပြင်ဦးလွင် နိုဝင်ဘာ ၂၀

**ပြင်ဦးလွင်ခရိုင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များ လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂ ရက်နံနက်က ပြင်ဦးလွင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးငွေထွန်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

**လက်ခံရယူ**

ထို့နောက် အလှူရှင်များက စာအုပ်လှူဒါန်းကြရာ ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ကြသည်။**(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**



# ချောင်းဆုံမြို့နယ် အလင်းရောင်စာကြည့်တိုက်အတွက် ရုပ်မြင်သံကြားစက်နှင့် သုတ၊ ရသ စာအုပ်များလှူဒါန်း

**ချောင်းဆုံ နိုဝင်ဘာ ၃၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ရုပ်မြင်သံကြားစက်နှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၉ရက်က ချောင်းဆုံမြို့နယ် တိုးချဲ့ရပ်ကွက်အတွင်းရှိ အလင်းရောင် စာကြည့်တိုက်တွင် ကျင်းပသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယရဲမှူးတင်လှက အမှာစကားပြောကြားပြီး မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးမျိုးသိုက်က လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ရုပ်မြင်သံကြားဖမ်းစက်ကို အလင်းရောင် စာကြည့်တိုက်သို့ လှူဒါန်းသည်။

**သုတ၊ ရသစာအုပ်များလှူ**

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်က စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မြဲရန်အတွက် စာကြည့်တိုက်အကြောင်း သိကောင်းစရာများ ဟောပြောပြီး အလင်းရောင် စာကြည့်တိုက်သို့ သုတ၊ ရသစာအုပ် ၇၅အုပ်ကို ပေးအပ်လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

**ဖွင့်လှစ်ပေး**

**ကချင်ပြည်နယ် ဖားကန့်မြို့နယ် မော်ဝမ်းအုပ်စု မော်မောင်းဘွမ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ဖူးပွင့်ဝေ စာကြည့်တိုက် ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၃ရက်က ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေလွင်နှင့် မော်မောင်းဘွမ်ကျေးရွာရာအိမ်မှူး ဦးညီညီလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)

# ရေလှောင်ကန်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက် ရေသွယ်လမ်းကြောင်း တစ်လျှောက်ပိုက်များ စစ်ဆေးပြုပြင်

**မိုင်းယု နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယုမြို့ စည်ပင်သာယာရေးအဖွဲ့က မိုင်းယုမြို့သို့ ရေပေးဝေလျက်ရှိသော ကော်ဟိုလွယ်တောင်ကုန်းပေါ်ရှိ ဂါလန် ၇၅၀၀ဆံ့ ရေလှောင်ကန်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရေသွယ်ယူသည့် လမ်းကြောင်းတစ်လျှောက် ပိုက်များစစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၂၅ရက်က ဆောင်ရွက်ကြရာ မြို့တာဝန်ခံဦးဝင်းဦးက ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**





# ပင်းတယမြို့နယ် ကျေးရွာစာကြည့်တိုက်ဖွင့် ရေရှည်တည်တံ့ရေး အထောက်အကူပြုဆွေးနွေး

**ပင်းတယ ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ပန်းစစ်ကျေးရွာ ပညာအေးရိပ်မြိုင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် စာကြည့်တိုက်များရေရှည်တည်တံ့ရေး အထောက်အကူပြု ဆွေးနွေးပွဲ အမှတ်စဉ် (၁/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၄ရက်က ပန်းစစ် ကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ဦးစီးမှူး ဦးမောင်ကြည်၊ ဦးခွန်မောင်ညိုနှင့် ကျေးရွာဥက္ကဋ္ဌဦးဘသင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက်စာကြည့်တိုက်ရေရှည်တည်တံ့ရေး အထောက်အကူပြု ဆွေးနွေးပွဲကို ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။ **(မြို့နယ် ပြန်/ဆက်)**



မွန်ပြည်နယ် မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီတော် ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်ရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်က ပဋ္ဌာန်းမဏ္ဍပ်၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်ထံ အလှူရှင် ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ်(၄၆–အီး) ဖိုးစိန်လမ်းသွယ်နေ ဦးမောင်သိန်း၊ ဒေါ်ခင်ညွှန့် မိသားစုက ငွေကျပ် ၁၅သိန်း ပေးအပ်လှူဒါန်းစဉ်။ (၁၆၈)

# သွားကျန်းမာရေး ပေါင်မြို့၌ဟောပြော

**ပေါင် ဒီဇင်ဘာ ၁**

ပဏာမသွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှုစီမံချက် သွားနှင့်ခံတွင်း ကျန်းမာရေး ပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက် ၉နာရီက ပေါင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

**ပညာပေးဟောပြော**

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျော်ညွှန့်**(အောက်ပုံ)**က သွားနှင့်ခံတွင်း ကျန်းမာရေး စီမံချက်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးနှင့် ကုသရေးနည်းစနစ်များကို ပညာပေး ဟောပြောသည်။

အလားတူ ပညာပေးဟောပြောပွဲကို နိုဝင်ဘာ၂၂ရက်က ဇင်းကျိုက် အထကတွင် ကျင်းပကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# စီးပွားရေးတက္ကသိုလ်(ရန်ကုန်) အာစရိယပူဇော်ပွဲကျင်းပရေးစည်းဝေး

**ရန်ကုန် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်းနှင့် ဝါဏိဇ္ဇဘွဲ့ရများအသင်းက ကြီးမှူးကျင်းပမည့် စီးပွားရေးတက္ကသိုလ် (ရန်ကုန်)၏ နှစ် (၄၀)ပြည့် ပတ္တမြားရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲကို စီးပွားရေးတက္ကသိုလ် အခန်း ၁၀၄ ဒီဇင်ဘာ ၁၈ရက် စနေနေ့ နံနက် ၉ နာရီက စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် ညှိနှိုင်းအစည်းအဝေးကို စီးပွားရေးတက္ကသိုလ် (ရန်ကုန်)၌ ဒီဇင်ဘာ ၄ ရက်က ကျင်းပသည်။

စီးပွားရေးတက္ကသိုလ်(ရန်ကုန်)၏ နှစ်(၄၀)ပြည့် ပတ္တမြားရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲအပြင် စာတမ်းဖတ်ပွဲ၊ ဓာတ်ပုံမှတ်တမ်းပြပွဲများကို ဒီဇင်ဘာ ၁၅ ရက်မှ ၁၇ရက်အထိ စီးပွားရေးတက္ကသိုလ်(ပင်မ) ရန်ကုန်၌ ကျင်းပမည်ဖြစ်သည်။

**ဆက်သွယ်လှူဒါန်းနိုင်**

အထိမ်းအမှတ်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၈ရက် ည ၆နာရီခွဲ၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ သိလိုသောအချက်များနှင့် အလှူငွေများကို ဥက္ကဋ္ဌ ဦးစိုးတင့်အောင် ဖုန်း–၅၃၄၄၁၂၊ ၅၂၆၀၉၆၊ ဒုတိယဥက္ကဋ္ဌ ဦးသင်းမောင် ဖုန်း–၆၅၂၀၆၅၊ ၇၂၅၅၉၆၊ ဦးလှငြိမ်း အတွင်းရေးမှူး ဖုန်း–၅၈၁၃၀၅၊ ၅၃၄၄၀၄နှင့် ဒေါ်နန့်မေစန်း စာရင်းစစ် ဖုန်း–၂၂၁၃၁၈၊ ၃၇၇၂၉၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**





သန်လျင် အထက(၂)ပညာရေးမိသားစု ဘုံကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကို နိုဝင်ဘာ၂၅ရက်က ရတနာခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစိုးမြင့်က ဆရာတော်ထံ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (ခရိုင် ပြန်/ဆက်)

## ကြီးကြပ်ဆောင်ရွက်

နိုဝင်ဘာ ၃ ရက်က ဂန့်ဂေါ မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေး အတွက် မြို့အဝင် လမ်းဆုံ တြိဂံအား မြေယာရှုခင်း အလှ ပြုပြင်ခြင်း၊ ပန်းမနောတိုင် ပြုလုပ်ခြင်း လုပ်ငန်းဆောင်ရွက်မှုကို တာဝန်ခံအင်ဂျင်နီယာ ဦးကျော်လွင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် စည်ပင်)



# သတ္တုဗေဒအင်ဂျင်နီယာ ရွှေရတုသဘင် အာစရိယပူဇော်ပွဲနှင့် စာတမ်းဖတ်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၇**

သတ္တုဗေဒအင်ဂျင်နီယာ ရွှေရတုသဘင် အာစရိယပူဇော်ပွဲနှင့် စာတမ်းဖတ်ပွဲကို ဒီဇင်ဘာ ၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်နည်းပညာ တက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ သတ္တုဗေဒ အင်ဂျင်နီယာဘွဲ့ရများ အားလုံးတက်ရောက်ကြရန် နှိုးဆော်ထားသည်။

ရွှေရတုအထိမ်းအမှတ်တွေ့ဆုံပွဲကို အဆိုပါနေ့ ညနေ ၆နာရီတွင် အမှတ် (၁၂၄) ပြည်ထောင်စုရိပ်သာလမ်း Feel Food Centerတွင် ကျင်းပမည်ဖြစ်ရာ ဒေါက်တာဒေါ်ဗွီဆိုင်းမွန်း ဖုန်း–၆၄၂၄၀၉၊ ဦးညွှန့်ရွှေ ဖုန်း–၇၀၈၈၆၁၊ ဗိုလ်မှူးကြီး ဉာဏ်ထွန်းဦး ဖုန်း–၂၂၇၁၉၈၊ ၀၉–၈၀–၃၄၃၈၅၊ ဦးသံဆင်မြင့် ဖုန်း–၅၃၉၅၂၈၊ ဦးမြတင်ဦး ဖုန်း–၆၆၄၁၆၂၊ ၀၉–၈၀–၂၄၉၅၇နှင့် ကိုနေမျိုးဇော် ဖုန်း–၀၉–၅၀–၀၁၇၇၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဒိုင်း ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲကျင်းပ

**ကသာ ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အကြိမ်(၄၀)မြောက် ရဲချုပ်ဒိုင်း ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲဇုန်(ခ)အုပ်စုပွဲစဉ် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီက ကသာမြို့ မီတာ ၄၀၀ အားကစားကွင်း၌ ကျင်းပသည်။

**ယှဉ်ပြိုင်ကစား**

အခမ်းအနားတွင် ကသာခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ခန့်က အမှာစကား ပြောကြားပြီးနောက် ဧရာဝတီတိုင်းအသင်းနှင့် ရန်ကုန်တိုင်းအသင်းတို့ ယှဉ်ပြိုင် ကစားကြရာ ဧရာဝတီတိုင်းအသင်းက လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ **(ခရိုင် ပြန်/ဆက်)**



နိုဝင်ဘာ၂၀ ရက်က မြဝတီမြို့ သန့်ရှင်းသာယာလှပရေး အတွက် မြို့အဝင်သံတံတား ဂိတ်အနီး ပန်းအလှခံများကို ရွှေ့ပြောင်းနိုင်သော ပန်းအိုးများဖြင့် အစားထိုးစိုက်ပျိုးမှုကို တာဝန်ခံအင်ဂျင်နီယာ ဦးစတင့်ဝေက ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

## အမြို့မြို့ အနယ်နယ် သတင်းများ



## စစ်ဆေးကြည့်ရှု

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အနော်ရထာလမ်း ကတ္တရာ ထပ်ပိုးလွှာ ခင်းခြင်း လုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၃) ဦးဖေဝင်းသူက ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်က စစ်ဆေးကြည့်ရှုစဉ်။

(မြို့နယ် စည်ပင်)

## မြန်မာ့အသံ

**၉–၁၂–၂၀၀၄(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ ဖောဓ္ဈင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား
(အရှေ့တိုင်းသိပ္ပံဒီဂျစ်တယ် ကျန်းမာရေးကုသစက်နှင့် ကျန်းမာရေးလက်နှိပ်ဓာတ်မီး အကြောင်း)
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)ဥပုသ်ကုသိုလ်(ဦးကျော်ဇေယျ)
(၂)ကုမရတဲ့ ရှင်ကုသလနှင့် အခြားဝတ္ထုတိုများ–နေပုည)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ
(ရှေ့လာမည့်နှစ် ၅၀ အကြောင်း–ဒုတိယပိုင်း–မောင်ဆုရှင်)
၁၂း၃၀ အစာနှင့် အာဟာရ(ပဲနောက်)

**ညနေပိုင်း**

၁၆း၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ သုတရေးရာဖြေကြားလွှာ
၁၉း၁၅ ဓာတ်လမ်းပမာနားဆင်စရာ
(နေအလာမှာ ကြွေတဲ့နှင်း)

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ကြိုဆိုနှုတ်ဆက်



ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိလာသည့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်အား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၇

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာကြသည်။**

ဧည့်သည်တော် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်နှင့်အဖွဲ့ဝင်များအား နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်သာဗီဘိုဒီဆိန်းနှင့် သံရုံးအဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ *စာမျက်နှာ ၉ ကော်လံ ၅* ✻

## ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးဖွင့်ပွဲကျင်းပပုံများ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် ထုတ်လွှင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၇**

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ဒီဇင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၉ ရက်တွင်ကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ဖွင့်ပွဲအခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ ယင်းနေ့နံနက် ၇ နာရီ ၄၅ မိနစ်အချိန်မှ စတင်၍ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုဝန်ကြီးချုပ်အားလက်ခံတွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၇**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘောင်ညံဗိုရာချစ်အား ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ မင်္ဂလာခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)** *စာမျက်နှာ ၈ ကော်လံ ၆* ❐



**မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါး အညွှန်း**

❐ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကြီး ကျင်းပခြင်းသည် အလွန် လျော်ကန်သင့်မြတ်လှသည့်အပြင် မျက်မှောက်ခေတ် မြန်မာသာသနာသမိုင်း၏ မှတ်တိုင်သစ်တစ်ခု အခိုင်အခံ့ ထပ်မံစိုက်ထူနိုင်ခြင်းလည်းဖြစ်။

ခေါင်းကြီး (စာ-၂)

❐ ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာနိုင်ငံများအားလုံးအနက် မြန်မာနိုင်ငံသည် မူရင်းအကျဆုံးနှင့် အပြည့်စုံဆုံးသော ဗုဒ္ဓစာပေကျမ်းဂန်များကို လက်ဝယ်ထိန်းသိမ်းထားနိုင်ခဲ့သည့် တစ်ခုတည်းသောနိုင်ငံအဖြစ် ထည်ဝါစွာတည်ရှိခဲ့။

ဦးကျော်စိန်(မန္တလေး)၏ ဆောင်းပါး (စာ-၁၀)